## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ရှေ့ဆောင်၊ ကြီးမှူး၊ ဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သောစိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်း အရိပ်သည် လူ၏နောက်သို့ ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည် ထိုသူ၏နောက်သို့ ထက်ကြပ်မကွာ ကပ်၍ပါလေ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၄)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၆

တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံ အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ဦကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

## အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်

စာ - ၁၇ သို့



## မိုးမှာကြယ်စင် … ဂုဏ်ဝင်မျိုးဆက် … သံမဏိငှက်များ

ဆောင်းပါး- စာ-၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်)

# နိုင်ငံတော်နှင့်တပ်မတော်အတွက် လေသူရဲများ

မြန်မာနိုင်ငံတွင် တပ်မတော်တစ်ရပ်ခိုင်ခိုင်မာမာရပ်တည်နေသည့်အတွက် နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ တပ်မတော်တစ်ရပ်ဆိုသည်မှာ (ကြည်း၊ ရေ၊ လေ) တပ်များအားလုံးကို စုပေါင်းခေါ်ဆိုခြင်းဖြစ်သည်။ မျက်မှောက်ခေတ် ကမ္ဘာတစ်လွှား ဖြစ်ပွားနေသည့်စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများကိုကြည့်ပါက လေကြောင်းနှင့် အာကာသစွမ်းအားသည် စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကအရေးပါသည်ကိုတွေ့ရသည်။ လေကြောင်းစွမ်းအားကောင်းမွန်မှုသည် ရန်သူအပေါ် လွှမ်းမိုးထိန်းချုပ်ချေမှုန်းနိုင်ပြီး မိမိတပ်ဖွဲ့များ၏စိတ်ဓာတ်နှင့် တိုက်စွမ်းရည်ပိုမိုအားကောင်းစေသည်ကို သိသာထင်ရှားစွာတွေ့မြင်ရသည်။

ထို့ကြောင့် တပ်မတော်(လေ)အနေဖြင့် ဖြစ်ပေါ်တိုးတက်နေသည့်အခြေအနေများကို လေ့လာသုံးသပ်ဆန်းစစ်ပြီး လိုက်လျောညီထွေစွာ တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်(လေ)သည် တိုက်ပွဲတစ်ပွဲ၏အောင်နိုင်ရေးတွင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် လုပ်ငန်းစဉ်အတိုင်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိနေသည်။ တပ်မတော်ကဆောင်ရွက်အကောင်အထည်ဖော်နေသည့် နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တပ်မတော်(လေ)သည် ကျရာအခန်းကဏ္ဍစုံမှပါဝင်ကာ တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

တပ်မတော်(လေ)သည် အမိမြန်မာပြည်၏ ဝေဟင်ပိုင်နက်အတွင်းမှ ကာကွယ်စောင့်ရှောက်လျက်ရှိပြီး တိုင်းပြည်၏မြေပြင်ပိုင်နက်၊ ရေပြင်ပိုင်နက်နှင့်မြေပေါ်မြေအောက်အဖျက်ရန်စွယ်များကို ချေမှုန်းသုတ်သင်လျက်သလို ပြည်သူလူထုအား သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ တပ်မတော်၏ကောင်းမြတ်သည့်အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်။ ထိုတာဝန်များကို ကျေပွန်အောင်မြင်စွာထမ်းဆောင်နိုင်ရေးအတွက် ပျံသန်းမှုအတတ်ပညာကိုလည်း ကျွမ်းကျင်ပြည့်ဝနေရမည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ တိုးတက်နေသည့်နိုင်ငံများ၏ လေယာဉ်/ရဟတ်ယာဉ်များနှင့် ပတ်သက်သည့်ကဏ္ဍစုံကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လေ့လာနေရမည်ဖြစ်သည်။

ထိုသို့ထမ်းဆောင်နိုင်ရေးအတွက် တပ်မတော်(လေ)အနေဖြင့် လေသူရဲများကိုစဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသည်။ လေသူရဲလောင်းတစ်ဦးအဖြစ်ရွေးချယ်ခံရပြီးသောအခါ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်တွင် လေယာဉ်မောင်းသင်တန်းတက်ရောက်ရမည်ဖြစ်သည်။ လေယာဉ်မောင်းသင်တန်းကျောင်းတွင် ပျံသန်းမှုနှင့်ပတ်သက်သည့်သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ယူရသည်။ လေယာဉ်မောင်းသင်တန်းသားများအနေဖြင့် အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့် လေယာဉ်မောင်းသင်တန်းနှင့် တန်းမြင့်လေယာဉ်မောင်းသင်တန်းတို့ကို တက်ရောက်ကြရမည်ဖြစ်သည်။ လေသူရဲလောင်းများအနေဖြင့် တစ်ဦးချင်းပျံသန်းနိုင်စေရန် ပျံသန်းချိန်နာရီ ၁၅ နာရီသတ်မှတ်ပြီး လက်တွေ့လေ့ကျင့်ပျံသန်းကြရသည်။

လေသူရဲလောင်းသင်တန်းသားများသည် အမှန်တကယ်ပျံသန်းမှုမပြုလုပ်မီ လေယာဉ်တု (Simulator) ဖြင့် လေ့ကျင့်ရသည်။ ပျံသန်းမှုသင်ကြားချိန် ၁၅ နာရီမှ ၁၈ နာရီအတွင်းတွင် တစ်ဦးတည်းမောင်းနှင်ပျံသန်းနိုင်အောင် ကြိုးစားကြရပေသည်။ လေသူရဲလောင်းများအနေဖြင့် တစ်ဦးချင်းမောင်းနှင်မှုကို အောင်မြင်စွာကျော်ဖြတ်နိုင်ရေး အစွမ်းကုန်ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ လေယာဉ်ကျွမ်းထိုးပျံသန်းခြင်း၊ ခရီးဝေးလေ့ကျင့်ပျံသန်းခြင်း၊ ချိန်ခွက်လေ့ကျင့်ပျံသန်းခြင်း၊ အုပ်ဖွဲ့လေ့ကျင့်ပျံသန်းခြင်းနှင့် ညလေ့ကျင့်ပျံသန်းခြင်း အစရှိသည့်ပျံသန်းမှုသင်ခန်းစာများကို ဆက်လက်သင်ယူကြရမည်ဖြစ်သည်။

ဒုတိယအဆင့်မှာ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းဖြစ်သည်။ တိုက်လေယာဉ်မောင်းနှင်မည့် လေသူရဲလောင်းများသည် တိုက်လေယာဉ်ဖြင့်လေ့ကျင့်သင်ယူရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးလေသူရဲလောင်းများနှင့် ရဟတ်ယာဉ်လေသူရဲလောင်းများသည် သက်ဆိုင်ရာလေယာဉ်/ ရဟတ်ယာဉ်ဖြင့် သတ်မှတ်နာရီချိန်ပြည့်မီအောင် ပျံသန်းကြရမည်ဖြစ်သည်။ တတိယအဆင့်မှာ တန်းမြင့်လေယာဉ်မောင်းသင်တန်းဖြစ်သည်။ ဒုတိယအဆင့်ကဲ့သို့ပင် တိုက်လေယာဉ်လေသူရဲလောင်းများ၊ သယ်ယူပို့ဆောင်ရေးလေသူရဲလောင်းများနှင့် ရဟတ်ယာဉ်လေသူရဲလောင်းများသည် သက်ဆိုင်ရာ လေယာဉ်/ ရဟတ်ယာဉ်များဖြင့် ဆက်လက်လေ့ကျင့်ပျံသန်းကြရပေသည်။ တန်းမြင့်လေယာဉ်မောင်းသင်တန်းပြီးမြောက်ချိန်တွင် လေသူရဲလောင်းအားလုံးအနေဖြင့် ပျံသန်းရေးသင်တန်း၏ သတ်မှတ်ပျံသန်းချိန်နာရီအတိုင်း သင်ရိုးအလိုက် အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြပြီဖြစ်သည်။

ထိုသို့တတ်မြောက်အောင်မြင်ပြီးမှသာ ရွှေတောင်ပံပိုင်ရှင် လေသူရဲတစ်ဦးအဖြစ်ရောက်ရှိပြီး နိုင်ငံတော်တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ရွှေတောင်ပံပိုင်ရှင် လေသူရဲတစ်ဦးဖြစ်လာသောအခါ ကိုယ်ရည်ကိုယ်သွေးပြည့်ဝသည့် လေသူရဲတစ်ဦးဖြစ်စေရေး ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ လေသူရဲတစ်ဦးအဖြစ် နိုင်ငံတော်မှပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်သည်။ ယခုအခါ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီဖြစ်၍ သင်တန်းဆင်းလေသူရဲများသည် နိုင်ငံတော်နှင့်တပ်မတော်အတွက် ပေးအပ်လာမည့်တာဝန်များကို ထမ်းဆောင်ကြရတော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၇-၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မတစ်ထောင် တစ်ကောင်ဘွား လေသူရဲစစ်သည်များ၏ စကားသံများ

တပ်မတော်(လေ)အနေဖြင့် လေကြောင်းစွမ်းအားအခြေခံသည့် လေယာဉ်မောင်းသင်ကျောင်းမှ လူချွန်လူမွန်လေသူရဲကောင်းများ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာတွင် အရွယ်နုပျိုခြင်းနှင့်အတူ ပခုံးပြောင်းတာဝန်လက်ဆင့်ကမ်းအမွေရယူသူများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်တိုင် ရွှေတောင်ပံတံဆိပ်ကို ချီးမြှင့်တပ်ဆင်အပ်နှင်း ဂုဏ်ပြုခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက တိုက်ရိုက်ချီးမြှင့်အပ်နှင်းသည့်တာဝန်ဖြစ်၍ တံဆိပ်အဆင့်ထက်မြင့်မားသော ဂုဏ်ဒြပ်ကြီးမြတ်လှသည့် တပ်မတော်(လေ)၏ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆)ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့၌ကျင်းပရာ လေသူရဲမောင်မယ်လေးများသည် သူတို့၏ ဝီရိယစွမ်းအား၊ ရည်မှန်းချက်များဖြင့် အလှသရဖူဆောင်းခဲ့ရသည့်အပြင် ဤကျောင်းတော်ကြီး၏ ရင်နှစ်သည်းချာ ရတနာများအဖြစ် မတစ်ထောင် တစ်ကောင်ဘွား လေသူရဲစစ်သည်များ၊ ၎င်းတို့၏ တာဝန်ရှိသူများ၏ စကားသံများအား ဖော်ပြလိုက်ရပါသည်။


ဒုတိယဗိုလ်မှူးကြီးကျော်ထူးလွင်


ဒုတိယဗိုလ်မှူးကြီးထွန်းမင်းလတ်


ဒုတိယဗိုလ်မှူးကြီးသန်းထိုက်ဦး


ဗိုလ်ဆက်နိုင်လွင်


ဗိုလ် ဒေါ်ယုဇနထွန်း

**ဒုတိယဗိုလ်မှူးကြီးကျော်ထူးလွင်**
**(ခေတ္တတပ်မှူး၊**
**လေယာဉ်မောင်းသင်ကျောင်း)**

ကျွန်တော်တို့ လေယာဉ်မောင်းသင်ကျောင်းကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်မှာ မင်္ဂလာဒုံလေတပ်စခန်းမှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ မှော်ဘီ၊ မိတ္ထီလာ၊ မြစ်ကြီးနား စတဲ့နေရာအသီးသီးမှာ ပြောင်းလဲဖွင့်လှစ်ပို့ချခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာတော့ မိတ္ထီလာ(ရှမ်းတဲ) လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်မှာပဲ ယနေ့အထိ ပြန်လည်ဖွင့်လှစ်ပို့ချနေတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ သင်ရိုးညွှန်းတမ်းတွေကို အဆင့်မြင့် လေယာဉ်/ရဟတ်ယာဉ်တွေနဲ့ စတင်ပြောင်းလဲလေ့ကျင့်သင်ကြားပေးခဲ့ပြီး ၂၀၁၆ ခုနှစ်မှာတော့ အမှတ်(၁)လေယာဉ်မောင်းသင်ကျောင်းကို လေယာဉ်မောင်းသင်ကျောင်းအဖြစ်အမည်ပြောင်းလဲခဲ့ပြီး ဖွဲ့စည်းပုံကိုလည်းပြင်ဆင်တိုးချဲ့ခဲ့ပါတယ်။ ဒါကြောင့် လေယာဉ်မောင်းသင်ကျောင်းရဲ့ သက်တမ်းကာလကို တွက်ချက်ကြည့်မယ်ဆိုရင် နှစ်ပေါင်း ၇၄ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ လေယာဉ်မောင်းသင်ကျောင်းရဲ့ ရည်မှန်းချက်တာဝန်တွေကတော့ အရည်အသွေး၊ အရည်ချင်းပြည့်ဝတဲ့ လေသူရဲတွေမွေးထုတ်ပေးခြင်း၊ အရည်အသွေးပြည့်ဝတဲ့ လေယာဉ်မောင်းနည်းပြဆရာများမွေးထုတ်ပေးခြင်း၊ တာဝန်ပေးအပ်လာပါက စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခြင်း၊ ပျံသန်းရေးနဲ့ စာပေသင်ရိုးညွှန်းတမ်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် စဉ်ဆက်မပြတ်သုတေသနများပြုလုပ်ပြီး လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ယခုလို နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားကိုးအားထားရတဲ့ လေသူရဲတွေမွေးထုတ်လေ့ကျင့်ပေးရာမှာ ပထမဦးစွာ လေသူရဲလောင်းတွေကို လေသူရဲတစ်ဦးမှာရှိရမယ့် ကျန်းမာရေးစံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးရွေးချယ်ရပါတယ်။ အဲလိုရွေးချယ်ပြီးပြီဆိုရင်တော့ အခြေခံလေယာဉ်သားလောင်းသင်တန်းကို သင်ကြားပို့ချပေးပါတယ်။ အခြေခံလေယာဉ်သားလောင်းသင်တန်းတက်ရောက်အောင်မြင်ပြီးသူတွေကိုတော့ အခြေခံလေယာဉ်မောင်းသင်တန်းကို သင်ကြားပို့ချပေးပါတယ်။ အဲဒီအဆင့်မှာတော့ သင်တန်းသားတွေဟာ သတ်မှတ်နာရီအတွင်း တစ်ဦးချင်းမောင်းနှင်ပျံသန်းပြရပါတယ်။ သတ်မှတ်နာရီအတွင်းမှာ တစ်ဦးချင်းမောင်းနှင်ပျံသန်းနိုင်ခြင်းမရှိတဲ့ သင်တန်းသားတွေကတော့ သင်တန်းကို ဆက်လက်တက်ရောက်ခွင့်ရမှာမဟုတ်ပါဘူး။ အခြေခံလေယာဉ်မောင်း သင်တန်းအောင်မြင်တဲ့သင်တန်းသားတွေကိုတော့ သူတို့တစ်ဦးချင်းရဲ့ ပျံသန်းရေး၊ စာပေ၊ စိတ်ဓာတ်၊စည်းကမ်းနဲ့ ကြိုးစားအားထုတ်မှုရလဒ်တွေအပေါ် မူတည်ပြီး တိုက်ခိုက်ရေးလေသူရဲ၊ သယ်ယူပို့ဆောင်ရေးလေသူရဲနဲ့ ရဟတ်ယာဉ်လေသူရဲများအဖြစ် ရွေးချယ်သတ်မှတ်ပြီး အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းနဲ့ တန်းမြင့်လေယာဉ်မောင်းသင်တန်းတွေကို ဆက်လက်သင်ကြားပို့ချပေးပြီး လေယာဉ်/ ရဟတ်ယာဉ်များနဲ့ တိုက်ပွဲဝင်အသင့်ဖြစ်တဲ့အဆင့်ထိ သင်ကြားလေ့ကျင့်ပေးပါတယ်။ မိမိတို့ကျောင်းက မွေးထုတ်ပေးလိုက်တဲ့ သင်တန်းဆင်းလေသူရဲတွေဟာ သက်ဆိုင်ရာ ပျံသန်းရေးအုပ်များကို ရောက်ရှိတာနဲ့ စစ်ဆင်ရေးတာဝန်များကို စတင်ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

ကျောင်းဆင်းလေသူရဲတွေကို မှာကြားလိုတာကတော့ ကျောင်းကသင်ကြားပို့ချပေးလိုက်တဲ့ ပျံသန်းရေးနဲ့ စာပေပညာရပ်တွေကိုအခြေခံပြီး စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားကြဖို့၊ နိုင်ငံတော်အတွက် အားထားရတဲ့ လေသူရဲကောင်းတွေဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြဖို့၊ နိုင်ငံတော်အတွက် ပေးအပ်လာတဲ့တာဝန်ဝတ္တရားတွေကို စွန့်လွှတ်စွန့်စားတဲ့ စိတ်ဓာတ်နဲ့ စွမ်းစွမ်းတမံဆောင်ရွက်သွားကြဖို့နဲ့ တပ်မတော် (လေ) ရဲ့ မြင့်မြတ်တဲ့ ဂုဏ်ဒြပ်နဲ့ အစဉ်လာကောင်းတွေကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ မှာကြားလိုပါတယ်၊

**ဒုတိယဗိုလ်မှူးကြီးထွန်းမင်းလတ်**
**(ခေတ္တပျံသန်းရေးဌာနမှူး)**

ပျံသန်းရေးဆိုင်ရာ ဘာသာရပ်တွေကို လက်တွေ့သင်ကြားပို့ချရာမှာ အခြေခံလေယာဉ်မောင်းသင်တန်း၊ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းနဲ့ တန်းမြင့်လေယာဉ်မောင်းသင်တန်းဆိုပြီး အပိုင်းသုံးပိုင်းခွဲခြားပြီးပို့ချပေးပါတယ်၊ ပထမပိုင်းအနေနဲ့ အခြေခံလေယာဉ်မောင်းသင်တန်းမှာ လေကြောင်းဆိုင်ရာစာပေဘာသာရပ်များနဲ့ အမောင်းသင်လေယာဉ်များဖြင့် တစ်ဦးတည်းပျံသန်းခြင်းမတိုင်မီအဆင့် (Pre-Solo Stage)ကို တက်ရောက်သင်ကြားကြရပါတယ်၊ ပျံသန်းရေးသင်ခန်းစာတွေကိုလည်း ကွန်ပျူတာအခြေပြုလေ့ကျင့်သင်ကြားမှုစနစ် (Computer Based Training) များဖြင့် သင်ကြားလေ့ကျင့်စေခြင်း၊ အမှန်တကယ်ပျံသန်းမှုမဆောင်ရွက်မီ လေယာဉ်တု (Simulator)များနဲ့ လေ့ကျင့်သင်ကြားခြင်းများဆောင်ရွက်ကြရပါတယ်၊ ပထမဆုံးအကြိမ် တစ်ဦးတည်းပျံသန်းနိုင်ရန်အတွက် ပျံသန်းချိန် ၁၅ နာရီ သတ်မှတ်ထားပြီး တစ်ဦးတည်းပျံသန်းမောင်းနှင်နိုင်မှု (Solo Flight) အောင်မြင်စွာ ပျံသန်းနိုင်ရမှာဖြစ်ပါတယ်။ တစ်ဦးချင်းပျံသန်းမှုကို ကျော်ဖြတ်အောင်မြင်လာကြတဲ့ လေသူရဲလောင်းတွေကို လေယာဉ်ကျွမ်းထိုးပျံသန်းခြင်း၊ ခရီးဝေးပျံသန်းခြင်း၊ ချိန်ခွက်ကြည့်ပျံသန်းခြင်း၊ အုပ်ဖွဲ့ပျံသန်းခြင်းနဲ့ ညပျံသန်းခြင်း အစရှိတဲ့ပျံသန်းရေးသင်ခန်းစာတွေကို အခြေခံလေယာဉ်မောင်းသင်တန်းပြီးဆုံးသည်အထိ ဆက်လက်လေ့ကျင့်ပျံသန်းရပါတယ်၊ အခြေခံလေယာဉ်မောင်းသင်တန်းအောင်မြင်ပြီးသူတွေထဲကမှ စာပေရမှတ်နဲ့ ပျံသန်းမှုအရည်အသွေးအပေါ် မူတည်ပြီး တိုက်လေယာဉ်လေသူရဲလောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ရဟတ်ယာဉ် လေသူရဲလောင်းများခွဲခြားကာ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်းအဖြစ်ဆက်လက်သင်ကြားပို့ချပေးပါတယ်။ အကြိုတန်းမြင့်လေယာဉ်မောင်းသင်တန်း ပြီးမြောက်ပါက တန်းမြင့်လေယာဉ်မောင်းသင်တန်းတွေကို ဆက်လက်သင်ကြားပို့ချပေးပြီး လေကြောင်းဆိုင်ရာစာပေဘာသာရပ်များအပြင် လေယာဉ်/ ရဟတ်ယာဉ်များနဲ့ တိုက်ပွဲဝင်အသင့်ဖြစ်တဲ့အဆင့်ထိ သင်ကြားလေ့ကျင့်ပေးပါတယ်။ လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆)မှာ သင်တန်းတက်ရောက်သောသင်တန်းသားများအနေနဲ့ ပျံသန်းမှုအတတ်ပညာကို တတ်မြောက်အောင်မြင်ပြီး အခုလို ရွှေတောင်ပံကို ရင်မှာဝင့်ကြွားစွာ တပ်ဆင်ထားတာကို မြင်တွေ့ရတဲ့အတွက် အတိုင်းမသိဝမ်းသာကြည်နူးမိပါတယ်။

**ဒုတိယဗိုလ်မှူးကြီးသန်းထိုက်ဦး**
**( ဌာနမှူး၊ စာပေဌာန )**

လေယာဉ်မောင်းသင်ကျောင်းကို ကနဦးကျောင်းဆင်းရောက်ရှိလာတဲ့ သင်တန်းသားအရာရှိငယ်များကို ပထမဦးဆုံးအခြေခံလေယာဉ်သားလောင်းသင်တန်း စတင်တက်ရောက်စေပါတယ်။ အဲဒီသင်တန်းမှာ လေသူရဲတစ်ဦး မဖြစ်မနေသိထားရမယ့် ဘာသာရပ်တွေကို သင်ကြားပို့ချပြီး အရည်အချင်းစစ်ဆေးပါတယ်။ သင်ကြားပေးတဲ့ဘာသာရပ်တွေကတော့ Airmanship၊ Principles of Flight၊ Meteorology၊ Communication စတဲ့ ဘာသာရပ်တွေအပြင် အင်္ဂလိပ်စာနဲ့ ကွန်ပျူတာအပါအဝင် ဘာသာရပ်၁၂ခုကို သင်ကြားပေးခဲ့ပါတယ်၊ အဲ့ဒီနောက် အခြေခံလေယာဉ်မောင်းသင်တန်းကို လေယာဉ်သားလောင်းသင်တန်းမှာပါဝင်တဲ့ ဘာသာရပ်တွေအပြင် Survival ဘာသာရပ်ကို ထပ်တိုးသင်ကြားပေးပါတယ်။ အကြိုတန်းမြင့်နဲ့တန်းမြင့်လေယာဉ်မောင်းသင်တန်းမှာတော့ Weapons ဘာသာရပ်ကိုထပ်တိုးသင်ကြားပေးပြီး မြို့ပြလေကြောင်းလိုင်စင်လျှောက်ထားဖြေဆိုနိုင်တဲ့အဆင့်အထိရရှိစေရန်ရည်ရွယ်ပြီး Air Law၊ Flight Planning၊ Performance၊ Mass & Balance နဲ့ Operational Procedures ဘာသာရပ်တွေကို ထပ်တိုးပို့ချပေးနိုင်ခဲ့ပါတယ်၊ သင်တန်းဆင်းပြီးတာနဲ့ သက်ဆိုင်ရာပျံသန်းရေးအုပ်တွေကို ရောက်ရှိတဲ့အခါမှာ သင်ကြားပေးလိုက်တဲ့ ပျံသန်းရေးဆိုင်ရာ စာပေဘာသာရပ်တွေကိုအခြေခံပြီး နိုင်ငံတကာလေကြောင်းဆိုင်ရာ ဗဟုသုတများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာသွားကြရင်း နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားကိုးရတဲ့ လေသူရဲကောင်းများဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုပါတယ်။

**ဗိုလ်ဆက်နိုင်လွင်**
**(စံပြလေသူရဲဆုနှင့်**
**လေယာဉ်မောင်းထူးချွန်ဆု)**

ပျံသန်းရေးနှင့် စာပေသင်ကြားမှုအပိုင်းတွေမှာ ဆရာတွေရဲ့ သင်ကြားပြသမှုမှန်သမျှကို သေသေချာချာနဲ့ စိတ်ဝင်တစားလေ့လာကြိုးစားခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်ရက်မှာ ပျံသန်းရေးလေ့ကျင့်ခန်းပြုလုပ်ရမယ်ဆိုတာနဲ့ ညစာကြည့်ချိန်မှာကတည်းက မနက်ဖြန်မှာပြုလုပ်မည့် သင်ခန်းစာတွေ၊ Procedure တွေ၊ Exercise Plan တွေကိုဘယ်လိုဆောင်ရွက်မယ်ဆိုတာကို ဆရာနဲ့ဆွေးနွေးပြီး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ရပါတယ်။ ပျံသန်းရေးပြုလုပ်ပြီးချိန်မှာလည်း ပြုလုပ်ခဲ့တဲ့ သင်ခန်းစာတွေကို ဆရာနဲ့ဆွေးနွေးပြီး မရှင်းလင်းတာများကို မေးမြန်းခြင်း၊ ဆရာပြင်ဆင်ပေးတဲ့ ညွှန်ကြားချက်များကို လေ့လာမှတ်သားခြင်းများ ပြုလုပ်ရပါတယ်၊ ပျံသန်းရေးစည်းကမ်းများ၊ မြေပြင်စည်းကမ်းများ၊ ဝေဟင်စည်းကမ်းများကို လိုက်နာရမည့်အပြင် ဆရာများ၏ သွန်သင်ဆုံးမမှုများကို တိတိကျကျနာယူမှတ်သားလိုက်နာခဲ့ရပါတယ်။ ကျန်းမာရေးကောင်းမှသာ ပျံသန်းရေးပြုလုပ်နိုင်မှာဖြစ်တဲ့အတွက်အနေအထိုင်၊ အစားအသောက်၊ ကိုယ်ခန္ဓာလေ့ကျင့်ခန်းများပြုလုပ်ခြင်းနဲ့ အိပ်စက်ခြင်းကအစ ကျန်းမာရေးကို အထူးဂရုစိုက်နေထိုင်ရပါတယ်။ ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နဲ့တပ်မတော်အတွက် အားကိုးအားထားရတဲ့ လေသူရဲတစ်ဦးဖြစ်အောင် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်။

**ဗိုလ် ဒေါ်ယုဇနထွန်း (စာပေထူးချွန်)**

ရရှိခဲ့တဲ့ဆုကတော့ စာပေထူးချွန်ဆုဖြစ်ပါတယ်၊ အခြေခံလေယာဉ်သားလောင်းသင်တန်းကစလို့ သင်တန်းကာလတစ်လျှောက်လုံး လေကြောင်းပညာရပ်ဆိုင်ရာသီအိုရီတွေ၊ နည်းစနစ်တွေနဲ့ လုပ်ငန်းစဉ်တွေကို သေချာသိအောင်၊ နားလည်လာအောင် လေ့လာဆည်းပူးသင်ယူခဲ့ပါတယ်။ ဒါ့အပြင် နည်းပြဆရာတွေရဲ့ အနီးကပ်သင်ကြားပြသမှုများ၊ ပြန်လည်ဆွေးနွေးမှုများကို စူးစမ်းလေ့လာလိုစိတ်နဲ့ ကြိုးစားသင်ယူခဲ့လို့ အခုလိုဆုရရှိခဲ့တာပါ။ လေယာဉ်မောင်းသင်ကျောင်းမှ သင်ကြားပေးလိုက်တဲ့ အသိပညာ၊ အတတ်ပညာတွေနဲ့ ပေးအပ်လာတဲ့တာဝန်များအား ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နဲ့တပ်မတော်အတွက် အားကိုးအားထားရတဲ့ လေသူရဲတစ်ဦးဖြစ်အောင် ဆက်လက်ကြိုးစားထမ်းဆောင်သွားမှာဖြစ်ပါတယ်။ **ဇော်မျိုး(မြဝတီ)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"ကျောင်း၌ ကျွန်ုပ်၏အခြေအနေတိုးတက်လျက်ရှိစဉ် အိမ်၌မူကား ကျဆင်းလျက်ရှိ၏။ ဖခင်သည် ကျောင်း၌ အခြေအနေကောင်းခြင်းကို ကြားသိရ၍ ကျွန်ုပ်အား အဝတ်ကောင်းအစားကောင်းများဖြင့် မြှောက်စားသော်လည်း 'ကြက်ကောင်း ကြိုးမကွာ'ဆိုသော သူ၏ဆောင်ပုဒ်အရ ကျွန်ုပ်အား လိမ္မာသည်ထက် လိမ္မာအောင်ဆို၍ ရှေးကထက်ပင် ကျပ်တည်းချင်သေး၏. . ."

**ယမန်နေ့မှအဆက်**

ဆရာနိုင်မှာ ကျွန်ုပ်တွေ့ခဲ့ရသော ကျောင်းဆရာ ၁၅ ယောက်ခန့်တို့အနက်တွင် ထူးခြားသော ဥပဓိရုပ်ရှိသူတစ်ယောက်ဖြစ်ပေသည်။ အသားဖြူဖြူ လူဖလံတစ်ယောက်မျှသာဖြစ်၍ ကြောက်စရာကြီးမဟုတ်ဟု ထင်ရသော်လည်း နှုတ်ခမ်းမွေးလေးသက်သက်နှင့် အလွန်ဣန္ဒြေကြီးသော ဆရာတစ်ယောက်ဖြစ်၍ ကျွန်ုပ်မြင်ရသည့် လေးငါးလအတွင်းတွင် တစ်ကြိမ်တစ်ခါမျှ ပြုံးခြင်း ရယ်ခြင်းရှိသည်ကို မတွေ့ရဖူးချေ။ မျက်နှာထားဆိုးလှသည်ကားမဟုတ်။ ဣန္ဒြေကြီးခြင်းသက်သက်ကြောင့် ကြောက်ကြရခြင်းဖြစ်၏။ အမေရိကန်ကျောင်းသည် ထိုခေတ်၌ ကျောင်းသားဆိုးကြီးများ အလွန်ပေါသည်ဟု မန္တလေးမြို့တွင် နာမည်ကြီးလျက်ရှိရာ ညအချိန်များတွင် ကျောင်းပြင်သို့ထွက်၍ ခရီးသွားသူများ၏ ပဝါကိုချွတ်ယူသော ကျောင်းသားကြီးများပင် ရှိသည်ဟု ပြောကြ၏။ ဆရာနိုင်မှာ ခြောက်တန်းပြ ဆရာသာမဟုတ်၊ ကျောင်းအိပ်ကျောင်းစား 'ဘော်ဒါ'များကိုအုပ်ချုပ်ရသော ဆရာလည်းဖြစ်ပေရာ ကျောင်းသားဆိုးကြီးများသည် နှုတ်ခမ်းမွေးစုတ်ဖွားနှင့် ငေါက်လား၊ အော်လား၊ ခြိမ်းခြောက်သော ဘော်ဒါဆရာမျိုးကို မကြောက်ကြ။ မျက်နှာပိုးသတ်ကာ ဣန္ဒြေနှင့် လှမ်း၍ကြည့်တတ်သော ဆရာနိုင်ကိုသာ ကြောက်ကြသည်ဟု ပြောကြ၏။ ဆရာနိုင်သည် မျဉ်းလုံးနှင့် ရိုက်တတ်သည်ဟု နာမည်ကြီးလျက်ရှိသော်လည်း ခဏခဏရိုက်ရသည် မဟုတ်။ ၎င်းအား အာခံသော ကျောင်းသားဆိုးကြီးတစ်ယောက်ကို ရိုက်ဖူးခြင်းကြောင့် နာမည်ကြီးခြင်းဖြစ်၏။ သို့ရာတွင် ဤအကြောင်းကို နောက်မှသိရသော ကျွန်ုပ်အဖို့မှာ ဆရာနိုင် ဝင်လာခြင်းကို မြင်ရရုံနှင့် ကြောက်ဒူးတုန်မိပါတော့သည်။

### အကဲစမ်းကြခြင်း

ကျွန်ုပ်က ကြောက်မည်သာ ကြောက်ရသည်။ ဆရာနိုင်၏ရိုက်ခြင်းကို တစ်ကြိမ်မျှ ကျွန်ုပ် မခံခဲ့ရဖူးပါ။ ကျောင်းကြီးကိုကြောက်သည်နှင့် ဆရာကိုပါ ရော၍ကြောက်ခြင်း ဖြစ်ဟန်တူပါသည်။

အမေရိကန်ကျောင်းသို့ ရောက်ခါစအချိန်တွင် ကျွန်ုပ်သည် အတန်းထဲ၌ အငယ်ဆုံးတစ်ယောက်ဖြစ်၍ (ရွယ်တူတစ်ယောက်၊ နှစ်ယောက်တော့ရှိပါသည်။) 'ခဲမှန်ဖူးသော စာသူငယ်' ဆိုသကဲ့သို့ ကျွန်ုပ်အား အနိုင်ကျင့်ကြလိမ့်မည် အထင်နှင့် ကုပ်ကုပ်ကလေးနေစဉ် အကဲစမ်းသော ကျောင်းသား နှစ်ယောက်၊ သုံးယောက်နှင့်ကြုံရသေး၏။ တစ်ယောက်က ကျွန်ုပ်အား ကော်ဖီ (နှစ်ပြားတန်) တစ်ခွက် အတိုက်ခိုင်း၍ အခြားတစ်ယောက်က ကျွန်ုပ်၏ လက်ကိုင်ပဝါကို ကပ်၍တောင်း၏။ မုန့်ဖိုး နှစ်ပြားသာရသော ကျွန်ုပ်မှာ ထိုသူအား ကျွန်ုပ် မသောက်ဘဲ ကော်ဖီတိုက်လိုက်နိုင်သော်လည်း လက်ကိုင်ပဝါကိုမူ အလွန်နှမြော၏။ ထိုလက်ကိုင်ပဝါမှာ အောက်ပြည်မှ အရီးတစ်ယောက်ကပို့လိုက်သည့် တစ်ထည်တည်းသော ပိုးလက်ကိုင်ပဝါလေးဖြစ်၍ အနားကွပ်တွင် ဆေးရောင်စုံဖြင့် နှိပ်ထားသည့် အလံလေးများပါရှိခြင်းကို မှတ်မိသေး၏။ ၎င်းကို နားပူနားဆာနှင့် ကပ်၍တောင်းသော ကျောင်းသားမှာ ကျွန်ုပ်ထက် အနည်းငယ်မျှသာကြီး၍ ကြောက်လောက်အောင် မဟုတ်သော်လည်း သူက 'ဘော်ဒါ'ဖြစ်သည်တစ်ကြောင်း၊ ကျွန်ုပ်က လူသစ်ဖြစ်သည်တစ်ကြောင်းကြောင့် နောက်ဆုံးတွင် နားအေးစေတော့ဆို၍ နှမြောလျက်နှင့် ပေးလိုက်ရသည်။ ဤကား ရှိပါစေတော့။ သို့သော် ကျွန်ုပ်၏စိတ်ကို ညှိုးငယ်အောင် တမင်လုပ်သော ကျောင်းသားကြီးတစ်ယောက်အကြောင်းကို ဖော်ပြချင်ပါသေး၏။ ကျွန်ုပ်မှာ ကျောင်းကြီး၌ လူသစ်တစ်ယောက်ပီပီ အားလပ်ချိန်များတွင် သစ်ပင်ရိပ်၌ မြက်ခင်းပေါ်တွင် တစ်ယောက်တည်း ထိုင်နေလေ့ရှိရာ တစ်နေ့သ၌ ကျွန်ုပ်တို့ အတန်းသားဖြစ်သော်လည်း ကျွန်ုပ်ထက် အနည်းဆုံး ငါးနှစ်ခန့်ကြီး၍ လူပျိုကြီးဖားဖားဖြစ်သော ဘော်ဒါကျောင်းသားကြီးတစ်ယောက်သည် အနီးသို့ချဉ်းကပ်၍-

"ဟေ့ကောင်လေး၊ မင်း ဘယ်ကျောင်းက ရောက်လာတာလဲ"

"ဘီ တီ အင် ကျောင်းကပါဗျာ"

"မင့်ကို ငါ ကြည့်ရတာ မေတ္တာမရှိလိုက်တာကွာ" ဟု အခြောက်တိုက်သက်သက်ပြောသွားလေသည်။ ၎င်းကျောင်းသားသည် ကျောင်းထွက်ပြီးနောက် များမကြာမီအတွင်း ပလိပ်ရောဂါနှင့် သေဆုံးသွားသည်ဟု ကြားသိရသည်။ ကျွန်ုပ်မှာ လူတစ်ဖက်သားကိုကြင်နာမှုခေါင်းပါးသူတစ်ယောက်မဟုတ်သော်လည်း ထိုသူ၏ သေခြင်းသတင်းကဲ့သို့ ကျွန်ုပ်၏နှလုံး၌ ထိခိုက်မှုနည်းပါးခြင်းကို မကြုံရဖူးပေ။ ထိုသူ၏ စကားတစ်ခွန်းသည်လည်း 'ဆူး' တစ်ချောင်း ပေါက်စေသည်ဟု ကျွန်ုပ် ယူဆမိပါသည်။ (ကျွန်ုပ်အပေါ်၌ မေတ္တာမရှိခြင်းကား ထားပါတော့။ ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဘာအကြောင်းရင်းမှမရှိဘဲ သက်သက်ဖွင့်ပြောလာခြင်းကား ကိုယ့်ထက်ငယ်သူကို တမင်သက်သက် အနိုင်ကျင့်ရာ ရောက်ပါသည်)

### တတ်သလောက် မပြဝံ့ခြင်း

ခြောက်တန်း၌ရှိစဉ် အတန်းသားများ အလွန်ကြောက်ကြသော ဆရာနိုင်ကွယ်လွန်လေရာ ဤအတန်းတွင်လည်း ငါးတန်းမှာကဲ့သို့ပင် ကျောင်းဆရာလေးငါးယောက်၏ သင်ပြခြင်းခံခဲ့ရ၏။ ၎င်းအတန်းတွင် ကျွန်ုပ်မှာ အရှိန်နှင့်လန့်၍ ကျောင်းသားတိုင်းကိုကြောက်ပြီး ဦးခေါင်းမဖော်ဝံ့ဘဲ ရှိသည်နှင့် အညတရကျောင်းသားကလေးတစ်ယောက်ဖြစ်နေခဲ့၏။ တစ်ခါတစ်ရံ အင်္ဂလိပ်ဘာသာရပ်နှင့်ပတ်သက်သော မေးခွန်းတစ်ခုကို တခြားအတန်းသားများ မဖြေနိုင်ကြဘဲရှိရာ ကျွန်ုပ် ဖြေတတ်လျက်နှင့်ပင် မဖြေဝံ့သည်နှင့် ဆိတ်ဆိတ်နေလိုက်မိခြင်းများလည်းရှိ၏။ ကျောင်းသားဘဝတွင် ဤခြောက်တန်းမှာကဲ့သို့ တိမ်မြုပ်သော အဖြစ်မျိုးကို ကျွန်ုပ်အဖို့ရာ၌ တစ်ခါမျှ မကြုံဖူးပေ။ ထိုနှစ် စာမေးပွဲကျင်းပသောအခါ ပညာဝန် Mr Wedderspoon ကိုယ်တိုင်လာ၍ အင်္ဂလိပ်ဘာသာရပ်တွင် နှုတ်တိုက်မေးခွန်း Oral Test များဖြင့် စစ်ဆေးရာ ကျွန်ုပ်သည် အတန်းထဲမှာကဲ့သို့ ကျောင်းသားကြီးများကို ကြောက်စိတ်မရှိတော့ဘဲ ကိုယ်ဖြေနိုင်မှ ကိုယ်အောင်မည်ဟု သိသည့်အတွက်ကြောင့် တခြားလူများမဖြေနိုင်သော ပုစ္ဆာများကို ရဲရဲဝံ့ဝံ့ဖြေဆိုလိုက်ရာ ပညာဝန်လည်း သဘောကျ၍ ကျောင်းအုပ်ကြီးလည်း အားရပုံရသည်။ ထိုနှစ်တွင် အင်္ဂလိပ်ဘာသာမေးခွန်းများခက်လှ၍ ခြောက်တန်း တစ်ဝက်ကျော်ကျော်မျှ ကျရှုံးကြသော်လည်း ကျွန်ုပ်အောင်ခဲ့သည်။ ထိုခေတ်တွင် လေးတန်းမှ ရှစ်တန်းတိုင်အောင် အစိုးရစစ်စာမေးပွဲများဖြစ်၍ ကိုးတန်း 'အင်ထရင်း' Entrance ခေါ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကာလကတ္တား ယူနီဗာစီတီမှ စစ်ဆေးလေသည်။

### အခြေအနေ တက်လာခြင်း

ခုနစ်တန်းသို့ တက်ရသောအခါ ကျွန်ုပ်မှာ အတန်းထဲ၌သာမက ကျောင်း၌ပင် လူတစ်လုံးသူတစ်လုံး ဖြစ်လာခဲ့ပေပြီ။ ဖြစ်လာပုံကား အတန်းဆရာသည် အင်္ဂလိပ်ဘာသာ၌ အစမ်းစာမေးပွဲများတွင် ကျွန်ုပ်ချည်း ပထမရခြင်းကို တွေ့ရသည်နှင့် စကောလားရှစ်စာမေးပွဲသို့ သွင်းဖို့ ကျွန်ုပ်အား ရွေးချယ်၏။ ကျွန်ုပ်နှင့်အတူ တခြားကျောင်းသားသုံးယောက်အားလည်း ရွေးချယ်ရာ ၎င်းတို့အနက်တွင်မှ စက်ရှင်တရားသူကြီး ဦးရီလည်း ပါဝင်၏။ (ထိုသုံးယောက်စလုံးမှာ ကွယ်လွန်ကုန်ကြပြီဖြစ်ရာ ဦးရီမှာ နောက်ဆုံးဖြစ်၏။) ထိုခေတ်က စကောလားရှစ်စာမေးပွဲသွင်းခံရသော ခုနစ်တန်းကျောင်းသားဆိုလျှင် ကျောင်းတွင် အတော်မျက်နှာပွင့်လန်း၍ အထက်တန်းကျောင်းသားကြီးများ၏ အသိအမှတ်ပြုခြင်းခံရလေသည်။ ကျွန်ုပ်၏ 'သမ္မာဒေဝနတ်' ကိုထွန်းလှမှာလည်း ဤအတွက်ကြောင့် ကျွန်ုပ်အား ကျေသပ်ရင်သပ်ပြုလုပ်ကာ ချီးကျူးပေသည်။ သူ့နှစ်တွင် သူလည်း ဝင်ခဲ့ရ၏။ သို့ရာတွင် အမေရိကန်ကျောင်းမှ စကောလားရှစ်အောင်သူ တစ်ယောက်မျှ မထွက်ခဲ့ပေ။

### ဆန္ဒပြခြင်း တစ်မျိုး

ကျောင်း၌ ကျွန်ုပ်၏အခြေအနေတိုးတက်လျက်ရှိစဉ် အိမ်၌မူကား ကျဆင်းလျက်ရှိ၏။ ဖခင်သည် ကျောင်း၌ အခြေအနေကောင်းခြင်းကို ကြားသိရ၍ ကျွန်ုပ်အား အဝတ်ကောင်းအစားကောင်းများဖြင့် မြှောက်စားသော်လည်း 'ကြက်ကောင်း ကြိုးမကွာ' ဆိုသော သူ၏ဆောင်ပုဒ်အရ ကျွန်ုပ်အား လိမ္မာသည်ထက် လိမ္မာအောင်ဆို၍ ရှေးကထက်ပင် ကျပ်တည်းချင်သေး၏။ ကျွန်ုပ်မှာလည်း အရွယ်အလျောက် စွန်(လေတံခွန်)လွှတ်ခြင်း၊ ထုပ်ဆီးတိုးခြင်း၊ ဖန်တို့ခြင်း၊ ဖန်ခုန်ခြင်း စသော ကစားနည်းများကို ကစားချင်၏။ ထိုအချိန်၌ ကျွန်ုပ်၏အသက်မှာ ဆယ့်လေးငါးနှစ်ရှိပြီဖြစ်ရာ ထိုခေတ်က 'စွန်လွှတ်ခြင်း' အလုပ်မှာ လူပျိုပေါက်အရွယ်မှစ၍ အသက် ၂၅-၃၀ အရွယ်တိုင်အောင် ကစားကြ၍ ညနေတိုင်း ကောင်းကင်တွင် ရောင်စုံလေတံခွန်များဖြင့် ရှုပ်ထွေးလျက်ရှိ၏။ စွန်တစ်ကောင် ပြတ်သွားသည့်အခါ တုတ်တို၊ တုတ်ရှည်၊ ဝါးလုံး၊ ဝါးခြမ်း၊ ဆူးခက် စသည်များကို ကိုင်ဆောင်လျက် စွန်လိုက်ကြသော ကလေးသူငယ်မျိုးကလည်း ခြေချင်းလိမ်လျက်ရှိ၏။ ကျွန်ုပ် စွန်လိုက်စမ်းချင်သည်မှာကား ဘာနှင့်မျှ မတူချေ။ **ဆက်လက်ဖော်ပြပါမည်။**

---

## ကလောမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

ကလော ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီလ ၁၅ ရက်က မြင်းမထိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ မြင်းမထိကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုအောင်က အဖွင့်အမှာစကားပြောကြားပြီး ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ အသိပညာပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာနှင့် ပြင်ပဗဟုသုတများ ရရှိစေရေး၊ အားလပ်ချိန်တွင် စာအုပ်စာစောင်များဖတ်၍ အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရေးနှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးအကြောင်း၊ လူငယ်ရေးရာအကြောင်းတို့ကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်သမိုင်း အသိပညာပေးနံရံကပ်စာစောင်နှင့် လူကုန်ကူးမှုအကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**ချမ်းမြေ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)



## ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Sanjay Mathur အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS) တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ အကြိုလှုပ်ရှားမှုအဖြစ် တီဘီဆေးသစ်များ၏ ဆေးယဉ်ပါးမှုနှင့် ဆေးယဉ်ပါးတီဘီမျိုးဗီဇဓာတ်ခွဲစမ်းသပ်မှုနည်းပညာဆိုင်ရာများ သင်ကြားပို့ချ



**ရန်ကုန် ဇန်နဝါရီ ၁၆**

ဆေးသုတေသနဦးစီးဌာနသုတေသီများ၊ မြန်မာနိုင်ငံအမျိုးသားတီဘီတိုက်ဖျက်ရေး စီမံကိန်းမှပညာရှင်များသည် ကိုရီးယားသမ္မတနိုင်ငံမှ ပညာရှင်များနှင့်ပူးပေါင်း၍ ဇန်နဝါရီလ ၁၆ ရက်မှ ၁၇ ရက်အထိ တီဘီဆေးသစ်များ၏ ဆေးယဉ်ပါးမှုနှင့် ဆေးယဉ်ပါးတီဘီမျိုးဗီဇ ဓာတ်ခွဲစမ်းသပ်မှု နည်းပညာဆိုင်ရာများကို အဆင့်မြင့်မော်လီကျူးသုတေသနဌာန၌ စာတွေ့ လက်တွေ့သင်ကြားပြသပေးကြသည်။

အဆိုပါသင်တန်းကို (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ အကြိုလှုပ်ရှားမှုအနေဖြင့် ဆေးသုတေသနဦးစီးဌာန သုတေသီများနှင့် မြန်မာနိုင်ငံ အမျိုးသားတီဘီတိုက်ဖျက်ရေးစီမံကိန်းမှ ပညာရှင်များသည် ကိုရီးယားသမ္မတနိုင်ငံမှ ပညာရှင်များဖြစ်သော Dr. Jong Seok Lee, Senior Scientist, International Tuberculosis Research Center၊ Prof. Jaehun Cheong, Professor/Head, Pusan National University၊ Prof. Eun Taek Han, Professor/Head, Pusan National University တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)နှင့် အမျိုးသားမီငြမ်းပြုတီဘီဓာတ်ခွဲခန်းတို့မှ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဘက်ဆိုင်ရာဆရာဝန်များ၊ သုတေသီနှင့် ဓာတ်ခွဲကျွမ်းကျင် စုစုပေါင်း ၁၅ ဦးတက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၆)မှ စံပြလေသူရဲဆုရ လေ ၄၅၄၄ ဗိုလ် ဆက်နိုင်လွင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၆)မှ လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၅၄၄ ဗိုလ် ဆက်နိုင်လွင်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

❒ **ရှေ့ဖုံးမှအဆက်**

ဦးစွာကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက်ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(လေ) အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် နည်းပြလေသူရဲများက အမောင်းသင်လေယာဉ်များ၊ အမောင်းသင်ရဟတ်ယာဉ်များဖြင့် အုပ်ဖွဲ့ပျံသန်း၍ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်အား အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများကို တစ်ဦးချင်းအပ်နှင်းသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က လေယာဉ်မောင်းသင်တန်းအမှတ်စဉ်(၈၆)မှ စံပြလေသူရဲဆုနှင့် လေယာဉ်မောင်းထူးချွန်ဆုရ လေ ၄၅၄၄ ဗိုလ် ဆက်နိုင်လွင်အား လည်းကောင်း၊ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ် ဒေါ်ယုဇနထွန်းအားလည်းကောင်း ထူးချွန်ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် တပ်မတော်(လေ)အတွက်သာမက နိုင်ငံတော်နှင့် တပ်မတော်အတွက်ပါ အားသစ်လောင်းမည့် မျိုးဆက်သစ်လေသူရဲများကို အောင်မြင်စွာလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့နေ့တစ်နေ့ဖြစ်ကြောင်း၊ လေသူရဲများဖြစ်လာအောင်လေ့ကျင့်ပေးရာမှာနိုင်ငံတော်အနေနှင့် မျှော်မှန်းချက်ကြီးမားစွာထားရှိပြီး အချိန်ပေါင်းများစွာ၊ အရင်းအမြစ်ပေါင်းများစွာ၊ ငွေပေါင်းများစွာ အကုန်အကျခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏မျှော်မှန်းချက်များ အကောင်အထည်ပေါ်လာရေးအတွက် မိမိကိုယ်မိမိတန်ဖိုးထားပြီး ကြိုးပမ်းတာဝန်ထမ်းဆောင်သွားကြရန်မှာကြားလိုကြောင်း။

သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာပျံသန်းရေးအုပ်များကို ရောက်ရှိသွားချိန်တွင် တစ်ဦးချင်းအနေဖြင့် ပျံသန်းရေးနှင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရမည်ဖြစ်ပြီး အရာရှိများဖြစ်သည့်အတွက် ခေါင်းဆောင်မှုတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်အောက်ငယ်သားများ၏ ရိုသေလေးစားမှု ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာလိုက်ပါလုပ်ဆောင်မှုတို့ ရရှိလာအောင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပြီး ရည်မှန်းချက်တာဝန်များကိုပါ ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်စွမ်းရှိသည့် ခေါင်းဆောင်ကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်တိုက်ပွဲဝင်ရာတွင်ဖြစ်စေ၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် အခြားတာဝန်များကို ထမ်းဆောင်ရာတွင်ဖြစ်စေ၊ စိတ်ဓာတ်မြင့်မားခိုင်မာနေမှသာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင်အကောင်အထည်ဖော် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်/ရဟတ်ယာဉ်များကို မောင်းနှင်ပျံသန်း တိုက်ပွဲဝင်ကြရမည့်သူများအနေဖြင့် တိုက်ပွဲဝင်လိုစိတ်၊ စစ်အောင်လိုစိတ် အမြဲမြင့်မားနေရမည်ဖြစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်အောင်၊ ခံယူချက်၊ ယုံကြည်ချက်မြင့်မားခိုင်မာနေအောင် ကြိုးစားလေ့ကျင့်တည်ဆောက်သွားကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံသား တပ်မတော်သားလေသူရဲများဖြစ်သည့်အတွက်နိုင်ငံတော်က ထုတ်ပြန်ထားသော ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်က ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာစောင့်ထိန်းရမည်ဖြစ်ပြီး ပျံသန်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များကိုလည်း အတိအကျလိုက်နာလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းရည်ပြည့်ဝသည့် လေသူရဲကောင်းများဖြစ်လာစေရန် ပျံသန်းရေးနှင့်လုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ကန့်သတ်ချက်၊ သတ်မှတ်ချက်များကို ခြွင်းချက်မရှိအတိအကျ လိုက်နာစောင့်ထိန်းကြရန် မှာကြားလိုကြောင်း၊ လေသူရဲတစ်ဦးအတွက် ကျန်းမာရေးကောင်းမွန်ရန်၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိရန် လွန်စွာအရေးကြီးကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေမှသာ စိတ်ဓာတ်ခွန်အားကောင်းမွန်မြင့်မားပြီး မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ကာ ပေးအပ်သည့် စစ်ဆင်ရေးနှင့် ပျံသန်းရေးတာဝန်များကို နေရာအချိန်အခါမရွေးအင်ပြည့်အားပြည့်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

လေကြောင်းအာကာသနယ်ပယ်တွင်လည်း လေကြောင်းစွမ်းအားစုများသည် စစ်ပွဲအောင်နိုင်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ အေးချမ်းတိုးတက်ပြည့်စုံရေးအတွက်ပါ ဘက်ပေါင်းစုံက အထောက်အကူများစွာပြုလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားစုများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့်သိပ္ပံနည်းပညာရပ်များ၊ စစ်နည်းဗျူဟာများ၊ စစ်ဆင်အသုံးချမှုနည်းလမ်းများလည်း အချိန်နှင့်အမျှ တိုးတက်ဖွံ့ဖြိုးပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခင်က Supersonic နည်းပညာသည် ရှေ့တန်းကရှိခဲ့ရာမှ ယခုအခါ Hypersonic အဆင့်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း၊ ခေတ်မီအဆင့်မြင့် သိပ္ပံနှင့်နည်းပညာများ၊ စစ်နည်းဗျူဟာနှင့် စစ်ဆင်မှုနည်းလမ်းများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးနေကြရန်နှင့် လက်တွေ့အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုအခါ လေသူရဲတောင်ပံအပ်နှင်းခံရပြီး သက်ဆိုင်ရာပျံသန်းရေးအုပ်အသီးသီးတွင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးအပါအဝင် ပျံသန်းရေးတာဝန်အမျိုးမျိုးကို နောင်တော်လေသူရဲများနှင့် **စာမျက်နှာ ၇ သို့** ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် လေယာဉ်မောင်းသင်တန်းအမှတ်စဉ် (၈၆)မှ စာပေထူးချွန်ဆုရ လေ ၄၅၈၈ ဗိုလ် ဒေါ်ယုဇနထွန်းအား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။

**❖ လေယာဉ်/ရဟတ်ယာဉ်များကို မောင်းနှင်ပျံသန်း တိုက်ပွဲဝင်ကြရမည့်သူများအနေဖြင့် တိုက်ပွဲဝင်လိုစိတ်၊ စစ်အောင်လိုစိတ် အမြဲမြင့်မားနေရမည်ဖြစ်ပြီး စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်အောင်၊ ခံယူချက်၊ ယုံကြည်ချက်မြင့်မားခိုင်မာနေအောင် ကြိုးစားလေ့ကျင့်တည်ဆောက် . . .**

**❖ လေကြောင်းအာကာသနယ်ပယ်တွင်လည်း လေကြောင်းစွမ်းအားစုများသည် စစ်ပွဲအောင်နိုင်ရေးအတွက်သာမက နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ အေးချမ်းတိုးတက်ပြည့်စုံရေးအတွက်ပါ ဘက်ပေါင်းစုံက အထောက်အကူများစွာပြုလျက်ရှိ . . .**

❐ စာမျက်နှာ ၆ မှအဆက်

လက်တွဲကာ စတင်ထမ်းဆောင်ကြရတော့မည်ဖြစ်သောကြောင့် ပျံသန်းရေးတာဝန်များသာမက ပေးအပ်လာမည့် အခြားသောလုပ်ငန်းတာဝန်များကိုလည်း ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)၏ ကောင်းမွန်မြင့်မြတ်သည့် အစဉ်အလာများ၊ နောင်တော်လေသူရဲများ၏ စွန့်လွှတ်စွန့်စားမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုများ၊ ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး ၃ ရပ်က ဝိုင်းဝန်းပံ့ပိုး တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်(လေ) စစ်သည်တော်အပေါင်း၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို စောင့်ထိန်းစံပြုဥပမာယူပြီး ကိုယ်တိုင်လည်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် လေသူရဲကောင်းများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်သည်ဝေဟင်မှအုပ်ဖွဲ့ပျံသန်းအလေးပြုခဲ့ကြသည့် နည်းပြလေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်ကာ ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းဧည့်ခန်းမ၌ ထူးချွန်ဆုရရှိသည့် ကျောင်းဆင်းအရာရှိများနှင့် မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့ လေသူရဲတောင်ပံအပ်နှင်းခြင်းခံရသူ ကျောင်းဆင်းအရာရှိများအနေဖြင့် သက်ဆိုင်ရာ လေယာဉ်/ရဟတ်ယာဉ်အလိုက်ပျံသန်းရေးအုပ်များတွင်ဆက်လက်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်ညပိုင်းတွင် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) ကျောင်းဆင်းတောင်ပံအပ်နှင်းပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ တပ်မတော် (လေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ မိတ္ထီလာတပ်နယ်မှအရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပနေစဉ် ကျောင်းဆင်းအရာရှိများနှင့် တပ်မတော်(လေ) မိသားစုဝင်များက တပ်မတော်(လေ) တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)


ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့


## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၆**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့်ရှိနိုင်ပါသည်။

(မိုး/ဇလ)

# ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည်ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မသန်စွမ်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးနှင့် အခွင့်အလမ်းများ ပိုမိုမြှင့်တင်ပေးနိုင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှုရှိရေးနှင့် ပူးပေါင်းလုပ်ဆောင်သွားနိုင်ရေး၊ ဆန်းသစ်တီထွင်မှုနှင့် အားကစားကဏ္ဍတွင် မသန်စွမ်းသူများအားလုံး ပါဝင်နိုင်ရေး၊ အလုပ်အကိုင်၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုနယ်ပယ်များတွင် ချိတ်ဆက်ပေးနိုင်ရေး၊ ရုပ်သံအသိပညာပေးအစီအစဉ်ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ချဉ်စော်ကားသီး၏ဆေးဖက်ဝင်အကျိုးသက်ရောက်မှုများ



ချဉ်စော်ကားသီးတွင် ကျန်းမာရေးကိုအထောက်အကူပြုသော သတ္တုဓာတ်စင်များနှင့် အာဟာရဓာတ်များစွာပါဝင်သောကြောင့် ရှေးအခါကပင် ဆေးအဖြစ်မှီဝဲစားသုံးခဲ့ကြသည်။ နှုတ်မြိန်စေခြင်း၊ ခွန်အားတိုးပွားစေခြင်း၊ ကျောက်ကပ်၊ အဆစ်အမျက်ရောင်ခြင်းနှင့် ၄က်ဖျားရောဂါတို့ကို သက်သာပျောက်ကင်းစေသည်။ ချဉ်စော်ကားသီးသည် ခန္ဓာကိုယ်တွင်း ပိုးများကြီးထွားနှုန်းကို လျော့ကျစေသည်။ နှလုံးကျန်းမာရေးကို တိုးတက်ကောင်းမွန်စေသည်။ အနာကျက်မြန်စေရုံမက ဝမ်းချုပ်ခြင်းကိုလည်း သက်သာစေနိုင်သည်။

အဆီကျလိုသူများ ချဉ်စော်ကားသီးခြောက်ကို ရေနွေးနှင့်စိမ်ကာ ညအိပ်ခါနီး ပုံမှန်သောက်ပေးပါက သွယ်လျသောခန္ဓာကိုယ်ကို ပိုင်ဆိုင်စေမည်ဖြစ်သည်။ အမျှင်ဓာတ်ပေါများသဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေသည်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သောအမျှင်ဓာတ်ကြောင့် ဆီးချိုရောဂါရှိသူတို့အတွက် ကောင်းမွန်စေသည်။ အမျှင်ဓာတ်ပါဝင်မှုများသောကြောင့် ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်းတို့နှင့်ဆက်နွယ်သော အစာအိမ်ရောဂါများအတွက် အထောက်အကူပြုသည်။ ထို့ပြင် ချဉ်စော်ကားသီးတွင် ရောင်ရမ်းမှုကိုသက်သာစေသည့် အကျိုးသက်ရောက်မှုရှိသောကြောင့် အဆစ်ရောင်ခြင်း၊ လည်ပင်းနာခြင်းတို့ကို သက်သာပျောက်ကင်းစေသည်။

ချဉ်စော်ကားသီးတွင် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိသဖြင့် ဖရီးရယ်ဒီကယ်များကြောင့် ဆဲလ်များပျက်စီးခြင်းကို ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ဗီတာမင် C ပါဝင်ခြင်းကြောင့် ကိုယ်ခံအားစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။ အအေးပတ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများအတွက် ဆေးအဖြစ်အသုံးပြုနိုင်သည်။ မိမိရောဂါအခြေအနေအရ တခြားဆေးများမှီဝဲသုံးစွဲနေရသူဖြစ်လျှင် ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပြီးမှသာ ချဉ်စော်ကားသီးကို ဆေးအဖြစ်သုံးစွဲသင့်သည်။ အစာအိမ်ရောင်ခြင်းကို ကာကွယ်သည့်ဓာတ်ရှိသည်။ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိသည့် Antioxidant များဖြစ်သော ဖလေဗိုနွိုက် (Flavonoid) နှင့် ဖီနောလစ် (Phenolic) ဓာတ်ပေါင်းများစွာပါရှိခြင်းကြောင့် ဆဲလ်များပျက်စီးခြင်းကို ကာကွယ်နိုင်သည်။

ဗီတာမင် C ပါဝင်သောကြောင့် ရောဂါကာကွယ်မှုစနစ်ကို တိုးတက်ကောင်းမွန်စေပြီး ရောဂါကာကွယ်စေနိုင်သောအစွမ်းရှိသည်။ ဓာတ်တိုးဆန့်ကျင်မှုနှင့် ပါဝင်သောဗီတာမင်များကြောင့် အရေပြားပြဿနာများ၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းများကို ကာကွယ်ပေးသည်။ အရေပြားပြုပြင်ခြင်းကို ကောင်းမွန်စေသည်။ ကာဗိုဟိုက်ဒရိတ်အတန်အသင့်နှင့် ဗီတာမင် B အနည်းငယ်ပါဝင်သည်။ ဆဲလ်ပါဝင်သောပဋိဇီဝဖြစ်စဉ်များတွင် အရေးကြီးသော ဖောလိတ် (Folate) သတ္တုဓာတ်များပါဝင်ခြင်းကြောင့် သွေးကိုထိန်းညှိပေးသည်။ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်နှင့် သံဓာတ်တို့ပါရှိသောကြောင့် နှလုံးကျန်းမာရေးကို တိုးတက်ကောင်းမွန်စေသည်။ ချဉ်စော်ကားသီးကိုပါးပါးလှီးပြီး ရေနွေးပူပူတွင်ထည့်ကာ တစ်နေ့တစ်ခွက်သောက်ပါက အဆီကျစေပြီး ညောင်းညာကိုက်ခဲမှုကို သက်သာစေသည်။ သွေးလည်ပတ်မှုကောင်းမွန်စေပြီး လေဖြန်းခြင်းကို ကာကွယ်ပေးသည်။ အဆီအနည်းငယ်၊ အမျှင်ဓာတ်နှင့် ဗီတာမင် C ကြောင့် အစာခြေအဖွဲ့အစည်းနှင့် ကျန်းမာရေးကို ကောင်းမွန်စေသည်။

ချဉ်စော်ကားသီးတွင်ပါဝင်သော တာနင်ဓာတ် (Tannins) သည် အူမကြီးတွင် အဆိပ်အတောက်ဖြစ်စေသော အမြှေးပါးအကျိအချွဲများကို လျော့ပါးစေသောကြောင့် အူမကြီးကင်ဆာဖြစ်ခြင်းကို ကာကွယ်ပေးနိုင်သည်။ စိတ်ဖိစီးမှုများပါက ချဉ်စော်ကားသီးကိုစားခြင်းဖြင့် စိတ်ဖိစီးမှုကိုပြေလျော့စေသည်။ အအေးမိ၊ နှာစေးခြင်းနှင့် အစာမကြေပျို့အန်ခြင်းတို့အတွက် ချဉ်စော်ကားသီးကို ရေနွေးဆူဆူတွင်ထည့်ပြုတ်၍သောက်သုံးပါက သက်သာစေနိုင်သည်။ ချဉ်စော်ကားသီးအစေ့တွင် အဓိက ဓာတုဓာတ်ပေါင်းများဖြစ်သော စတီရော (Sterols)၊ ထရိုင်တာပင်း (Tri-terpene)၊ တာနင်(Tannins)၊ ဖိနောလစ်အက်စစ် (Phenolic Acid)၊ အမိုင်နိုအက်စစ် (Amino Acid)၊ ဂလိုင်ကိုဆိုဒ်(Glycoside)နှင့် Essential Oil တို့ပါဝင်မှုကြောင့် ရောင်ရမ်းမှုကိုသက်သာစေခြင်း၊ ပိုးသေစေခြင်း၊ ဓာတ်တိုးဆန့်ကျင်စေခြင်း စသောအကျိုးကျေးဇူးများရှိသည်။

## ချဉ်စော်ကားသီး၏ဆေးဖက်ဝင်မှု

ချဉ်စော်ကားသီးဖျော်ရည်သည် အစာခြေအက်စစ်များ အစာရေမျိုဆီပြန်တက်ခြင်းကြောင့် ရင်ပူခြင်း၊ မအီမသာဖြစ်ခြင်းကို သက်သာစေနိုင်ကြောင်း သုတေသီများက ဖော်ပြကြသည်။ ချဉ်စော်ကားသီးအစေ့သည် အနာကျက်မြန်ကာ တစ်သျှူးများ ပြန်လည်ကျန်းမာလာစေရန် အကောင်းဆုံးအားဖြည့်ပေးသည်။ အစေ့မှရသောအဆီကို အနာပေါ်လိမ်းပေးခြင်းဖြင့် အနာကျက်မြန်ကာ တစ်သျှူးအသစ်ပြန်ဖြစ်ပေါ်စေသည်။ အပူလောင်၊ ပြတ်ရှခြင်းများကို သက်သာစေသော သဘာဝဆေးဖြစ်သည်။ သွေးတွင်းကိုလက်စထရောကိုလျော့ကျစေပြီး နှလုံးရောဂါဖြစ်နိုင်ခြေကိုလျော့ကျစေသည်။ သတ္တုဓာတ်များတွင် ပိုတက်ဆီယမ်ပါဝင်မှုကြောင့် သွေးဖိအားကို ထိန်းညှိပေးပြီး နှလုံးနှင့်ပတ်သက်သောကျန်းမာရေးကို ကူညီပေးသည်။

ချဉ်စော်ကားသီးအရည်သည် pH level 3.43 ခန့်ရှိသောကြောင့် ချဉ်သောအရသာ (အက်စစ်ဓာတ်) ရှိသည်။ ချဉ်စော်ကားသီးတွင် ရေဓာတ် ၈၄.၂၇ ရာခိုင်နှုန်းခန့်ပါဝင်၍ အရည်ရွှမ်းသောအသီးတစ်မျိုးဖြစ်ပြီး ဆစ်ထရစ်အက်စစ်(Citric Acid)၊ အက်စ်ကောဗစ်အက်စစ်(Ascorbic Acid)၊ မဲလစ်အက်စစ် (Malic Acid)၊ အောက်စာလစ်အက်စစ်(Oxalic Acid)၊ ကွင်းနစ်အက်စစ် (Quinic Acid)၊ ရှက်ကီးမစ်အက်စစ် (Shikimic Acid) စသော အော်ဂဲနစ်အက်စစ်မျိုးစုံပါဝင်သည်။ ချဉ်စော်ကားသီးအရည်သည် ကျောက်ကပ်ပျက်စီးခြင်းကို လျော့ကျစေသည်။ ကျောက်ကပ်နှင့်ပတ်သက်၍ စားသုံးသင့်သည်။

## ချဉ်စော်ကားသီးအသုံးပြု၍ အစားအစာများပြင်ဆင်ခြင်း

ချဉ်စော်ကားသီးကို ဟင်းလျာအမျိုးမျိုးအတွက် အသုံးပြုရန်နှင့် တာရှည်ခံရန် ပြင်ဆင်ပြုလုပ်ပုံအဆင့်များစွာရှိသည်။ ရှေးဦးစွာ အမှိုက်များ၊ ဖုန်များကင်းစေရန် အသီးကိုသေချာစွာဆေးကြောရမည်။ အခွံကိုစားနိုင်သော်လည်း အခွံမှာကြမ်းပြီး အနည်းငယ်ချဉ်၍ ဖန်သည့်အရသာကြောင့် ဖယ်ထုတ်ရမည်။ အခွံခွာပြီးနောက် ပါးပါးလှီး၍သော်လည်းကောင်း၊ အသီး၏မာကျောသောအပေါ်ယံကြောင့် ချက်ပြုတ်ရလွယ်ကူစေရန် အပိုင်းငယ်များလှီး၍သော်လည်းကောင်း ချက်ပြုတ်ရသည်။ ချက်ပြုတ်ခြင်းဖြင့် အသားများပိုမိုနူးညံ့စေကာ အရသာပိုရှိစေသည်။ ပုံမှန်ချက်ပြုတ်ရာတွင် နည်းလမ်းအမျိုးမျိုးရှိသည်။ ချဉ်စော်ကားသီးအစိတ်အပိုင်းများကို ရေနှင့်သော်လည်းကောင်း၊ ဖျော်ရည်နှင့်သကြား သို့မဟုတ် အနံ့အရသာနှင့် နူးညံ့လာသည်အထိ ပေါင်းရမည်။ ချဉ်စော်ကားသီးအပိုင်းအစများကို Oven တွင် အချိုသို့မဟုတ် အနံ့အရသာထည့်၍လည်း ကင်နိုင်သည်။ ချဉ်စော်ကားသီးကိုပါးပါးလှီး၍ ဆားအနည်းငယ်၊ ပျားရည်၊ ချင်းအနည်းငယ်တို့နှင့်စိမ်ပြီး တစ်ရက်ခန့်နှပ်ထားပြီးနောက် နံနက်၊ နေ့လယ်၊ ည လက်ဖက်ရည်ဇွန်းတစ်ဇွန်းစားပေးပါက လေထိုးလေအောင့်သက်သာစေပြီး အစာကြေ၍ အသံထွက်ကောင်းစေသည်။ ချဉ်စော်ကားသီးကို ပါးပါးလှီး၊ အခြောက်လှန်းပြီး ရေနွေးနှင့်စိမ်ကာ ဟင်းရည်ချက်စားနိုင်သကဲ့သို့ ဆေးအဖြစ်၊ ဝိုင်အဖြစ်စိမ်သောက်နိုင်သည်။ ငါးတန်နှင့် ငါးမြင်းကဲ့သို့ အဆီများသောငါးများနှင့် အအီပြေချက်စားနိုင်သည်။

## ချဉ်စော်ကားသီးစားသုံးမှုအမျိုးမျိုး

ချဉ်စော်ကားသီးအသားမှာ မာကျောသောကြောင့် ယိုထိုး၍ ချဉ်စော်ကားသီးယိုအဖြစ် စားသုံးကြသည်။ ချဉ်စော်ကားသီးခြောက်၊ ချဉ်စော်ကားသီးဖျော်ရည်၊ ချဉ်စော်ကားသီးဝိုင် စသည်ဖြင့်အမျိုးမျိုးထုတ်လုပ်ရောင်းချကြသည်။ အသီးခြောက်ကို ကြက်၊ ဝက်၊ အမဲ၊ ငါးတို့နှင့်ရော၍ အအီပြေချက်စားကြသည်။ အသီးခြောက်ကို စွန်တန်ဟင်းရည်ကဲ့သို့ အရည်သောက်ပြုလုပ်စားသုံးကြသည်။ ဝိုင်ပြုလုပ်၍လည်း သောက်သုံးကြသည်။ ချဉ်စော်ကားသီးကို အချိန်ကြာမြင့်စွာချက်လျှင် အနီရောင်ပြောင်းသွားသည်။ ချဉ်စော်ကားသီးကို ချက်ပြုတ်စားခြင်းဖြင့် နူးညံ့သောအရသာနှင့် အသားကိုပျော့ပျောင်းစေကာ အရသာကောင်းမွန်စေသည်။ ချဉ်စော်ကားသီးကို အစိမ်းအတိုင်း ငရုတ်သီးစိမ်းနှင့်လည်းထောင်းစားနိုင်သည်။

ချဉ်စော်ကားသီးကိုအကင်လုပ်ခြင်းဖြင့် အသီး၏အသားကိုပိုမိုနူးညံ့စေပြီး အရသာပိုရှိစေသည်။ ချဉ်စော်ကားသီးကို လှီး၍သော်လည်းကောင်း၊ အလုံးလိုက်သော်လည်းကောင်း ပျားရည် သို့မဟုတ် သကြားနှင့်စိမ်ပေးပါက အချိုအရသာကို တိုးစေသည်။ အသီးကို သကြားရည်နှင့် အမွှေးနံ့သာတချို့ထည့်နှပ်ထားပြီး အချိုပွဲများပေါ်တွင် ဆမ်း၍လည်းစားသုံးနိုင်သည်။ အချိုရည်နှင့်ဝိုင်များတွင် အနံ့အရသာအဖြစ်သုံးနိုင်သည်။ အသီးကို အချဉ်ရည်ပြုလုပ်၍ အသားများနှင့်တွဲဖက်စားနိုင်သည်။ သစ်သီးမှည့်တွင်ပါရှိပြီး သစ်သီးယိုတို့ကိုခဲစေသည့် သကြားနှင့်တူသောဓာတ် (Pectin) ပါဝင်မှုများသောကြောင့် ယိုများ၊ ကျောက်ကျောများပြုလုပ်ရန် အကောင်းဆုံးဖြစ်သည်။

ချဉ်စော်ကားသီးကို နည်းအမျိုးမျိုးသုံး၍ တာရှည်ခံအောင်ပြုလုပ်နိုင်သည်။ ချက်ပြုတ်ပြီး အစာသွတ်ဘူးများဖြင့် ယို၊ ဂျယ်လီနှင့် တာရှည်ခံပစ္စည်းအဖြစ်ပြုလုပ်ကြသည်။ ချဉ်စော်ကားသီးတွင် Pectin ပါဝင်မှုများသောကြောင့် ညီညာကောင်းမွန်သည့် Gel ကို ရရှိစေသည်။ နူးညံ့သောချဉ်စော်ကားသီးအသားကို ချက်ပြီး ကြိတ်ခြေကာ ဆော့အဖြစ်လည်းကောင်း၊ စွပ်ပြုတ်ရည်အဖြစ်လည်းကောင်း စားသုံးနိုင်သည်။ အထက်ပါနည်းလမ်းများဖြင့် ချဉ်စော်ကားသီး၏မာကျော၍ဖန်သောဓာတ်မှ ပို၍အရသာပြည့်စုံသည့် အမျိုးမျိုးသော ဘက်စုံသုံးဟင်းလျာများအဖြစ် ဖန်တီးနိုင်သည်။ ယေဘုယျအားဖြင့် ချဉ်စော်ကားသီးသည် သင့်လျော်မှန်ကန်စွာပြင်ဆင်စားသောက်လျှင် စိတ်ချလက်ချစားသုံးနိုင်သော စားစရာတစ်မျိုးဖြစ်သည်။ ချဉ်စော်ကားသီးအစေ့တွင်ပါဝင်သော အဆိပ်ဖြစ်စေသည့်ဓာတ်ပေါင်းသည် ပန်းသီးအစေ့နှင့် ဆီးသီးအစေ့တို့တွင်ပါသောအဆိပ်တို့နှင့် ဆင်တူသည်။ ယင်းအစေ့တွင် Amygdalin ဟုခေါ်သည့်ဓာတ်ပေါင်းမှ Cyanide ဓာတ်ပေါင်းကိုထုတ်ပေးသည်။ အစေ့တွင်းရှိ ဆိုင်ယွန်နိုက်ကြောင့် အစေ့ကို မတော်တဆမျိုချမိပါက ထိခိုက်မှုရှိစေပြီး များများစားမိပါက အဆိပ်အတောက်ဖြစ်စေသည်။

ထို့ကြောင့် ချဉ်စော်ကားသီးကို အစိမ်းသော်လည်းကောင်း၊ ချက်ပြုတ်စဉ်တွင်လည်းကောင်း အစေ့ကိုဖယ်ရှားသင့်သည်။ ချဉ်စော်ကားသီးအစိမ်း၏ အသားသည် ကြမ်းတမ်းပြီး အချဉ်ဓာတ်ပြင်းထန်၍ တချို့သူများအတွက် အဆင်မပြေဖြစ်တတ်သည်။ ချက်ပြုတ်စားခြင်းဖြင့် အဖန်ကြောင့်ချုပ်ခြင်းကို လျော့ကျစေသည်။ တချို့တွင် ဓာတ်မတည့်မှုကို တွေ့ကြုံနိုင်သော်လည်း ဖြစ်ခဲသောအခြေအနေဖြစ်သည်။ တချို့တွင် ယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အစာမကြေခြင်းတို့ဖြစ်တတ်သည်။ သတိထားမိပါက ရှောင်ရှားရန်လိုအပ်ပြီး ဆေးပညာရှင်နှင့်တိုင်ပင်ဆွေးနွေးပြီး စားသုံးသင့်သည်။ လူတစ်ဦး တစ်နေ့တာလိုအပ်သော ဗီတာမင် C လိုအပ်ချက်ကို ချဉ်စော်ကားသီးတစ်လုံးမှ ရရှိနိုင်သည်။ တိုင်းရင်းဆေးပညာအရ ချဉ်စော်ကားသီးသည် တေဇောဓာတ်၊ အာပေါဓာတ်၊ ပထဝီဓာတ်တို့ပေါ်ကြွယ်ဝ၍ ဝါယောဓာတ်ကိုပို့ဆောင်ပေးနိုင်သဖြင့် အာယုဝဍ္ဎန သက်ရှည်ကျန်းမာစေသောအသီးဟုဆိုကြကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး




**စစ်တွေ ဇန်နဝါရီ ၁၆**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ခမ်းခမ်းနားနား သိုက်သိုက်ဝန်းဝန်းနှင့် အေးချမ်းစွာ ကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာကော်မတီများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းက လုံခြုံရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ စနစ်တကျစီမံဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ကော်မတီဖွဲ့စည်းမိန့်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြန်လည်ဆွေးနွေး ပြောကြားကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းမြို့ရှိ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၌၂၀၂၄-၂၀၂၅ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဇန်နဝါရီလ ၁၆ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက မိမိတို့တက္ကသိုလ်သည် အမျိုးသားရေးစိတ်ဓာတ်နှင့်လူမှုရေးစိတ်ဓာတ်အခြေခံပြည့်ဝသော လူမှုစီးပွားရေးဆိုင်ရာပညာတတ်များ မွေးထုတ်ပေးသည့် တက္ကသိုလ်ဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ပထမနှစ်ကျောင်းသား၊ ကျောင်းသူ ၂၀၂ ဦးရှိပြီး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၃၇၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားတို့၏ ရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး King & Queen နှင့် People Choice Award(PCA) ရရှိသူများအား ဆုများပေးအပ်ကြောင်း သိရသည်။

**နေလင်းအောင် ( ပြန်/ဆက်)**

# ဟုမ္မလင်းမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်ပွဲကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နန်ဖွတ်မော်ရပ်ကွက် နာဂရိုးရာကွင်း၌ ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်ပွဲကို ဇန်နဝါရီလ ၁၅ ရက်တွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီနာယက ဦးပီတာနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းတို့က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံကို မဖြိုးနေဇာလင်းက ရှင်းလင်းတင်ပြသည်။




ဆက်လက်၍ ၂၀၂၅ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်အဖြစ် ကျင်းပသောဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအားတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်သည်။

ထို့နောက် ဟုမ္မလင်းမြို့ပေါ်ရှိ နာဂတိုင်းရင်းသားများရိုးရာအကများ ဖြစ်သည့် မကူရီအမျိုးသားအက၊ အမျိုးသမီးအက၊ တန်ကွန်အမျိုးသားအက၊ အမျိုးသမီးအက၊ ပါရာအမျိုးသမီးအက၊ နာဂရိုးရာဖက်ရှင်ပွဲ၊ လူငယ်နာဂအက၊ ခေတ်ပေါ်နာဂအကတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

နာဂရိုးရာနှစ်သစ်ကူးနေ့သည် တောင်ယာ၊ လယ်ယာလုပ်ငန်းများပြီးစီးသည့်အချိန်ဖြစ်၍ လုပ်ငန်းအတွေ့အကြုံဖလှယ်ခြင်း၊ ရှေ့လာမည့်နှစ်အတွက်လုပ်ငန်းများညှိနှိုင်းခြင်း၊ လုပ်မှားကိုင်မှားအပြစ်များဝန်ခံခြင်း၊ တောင်းပန်ခြင်း၊ လာမည့်နှစ်များတွင်ဆန်ရေစပါးပေါများအောင်ဆုတောင်းခြင်း၊ ရပ်ဝေးဆွေမျိုးများနှင့်ပြန်လည်ဆုံတွေ့နိုင်ရန် ဆုတောင်းခြင်းတို့ပြုလုပ်သည့်ပွဲတော်ဖြစ်ကြောင်းသိရသည်။

**လင်းလင်း(ပြန်/ဆက်)**

## လေယာဉ်မောင်းသင် တတ်ကျွမ်းကျင် စွမ်းအင်လည်းမြင့် ပြည့်ဂုဏ်တင့်

* မြေပြင်ကျောင်းတွင်၊ စာကိုသင်လျက်
အင်ဂျင်စက်မှု၊ အတတ်စုသို့
တစ်ခုမကျန်၊ တတ်မြောက်ရန်ရည်
ခန္ဓာကိုယ်တွင်း၊ ကျန်းမာခြင်းတွက်
သန့်ရှင်းလတ်ဆတ်၊ ဟာရဓာတ်သို့
မပြတ်ကျွေးမွေး၊ ဆောင်ရွက်ပေးပြီး
နွေးထွေးပျူငှာ၊ စိတ်ချမ်းသာ၍
ကျန်းမာကြံ့ခိုင်၊ သန်စွမ်းပိုင်ရေး
ပွဲကိုင်ညွှန်ပြ၊ လေ့ကျင့်ကြလျှင်
ကာယစွမ်းတင့် ကျင့်တော့သည်။

* လေယာဉ်မောင်းသင်၊ တတ်ကျွမ်းကျင်ရေး
မြဲစဉ်ဖေးမ၊ သင်ကြားပြလျက်
စွမ်းစပိုင်ပိုင်၊ ပျံသန်းနိုင်ရေး
လက်ကိုင်ဆွဲမ၊ ခြေခံကျစေ
ပြည့်ဝရည်သွေး၊ ဖြည့်လောင်းပေးပြီး
အဝေးအနီး၊ ပျံသန်းနည်းတို့
စည်းကမ်းစည်းမျဉ်း၊ လိုက်နာခြင်းဖြင့်
တက်ဆင်းချိန်ခါ၊ အောင်မြင်ရာတွက်
ပညာဝေငှ၊ နည်းလမ်းပြ၍
စာသစွမ်းမြှင့် တင့်တော့သည်။

* ဝေဟင်ကောင်းကင်၊ ပျံသန်းစဉ်ဝယ်
ဝန်းကျင်ထက်အောက်၊ မိုးတိမ်ဖောက်ပြီး
မကြောက်မရွံ့၊ လက်မတွန့်ဘဲ
စွန့်လွှတ်စွန့်စား၊ မောင်းနှင်သွားလည်း
နိုးကြားသတိ၊ စဉ်မြဲရှိလျက်
တတ်သိပညာ၊ ချင့်တွက်ကာဖြင့်
ဝေဆာပြည့်ဖြိုး၊ ပြည့်အကျိုးကို
သယ်ပိုးရွက်ဆောင်၊ လေသူရဲမောင်တို့
ဦးဆောင်လမ်းပြ၊ နည်းလမ်းကျ၍
ဉာဏလျှမ်းတင့် ဝင့်ပေ့ါအတည်။ ။


**ရွှေညာမြေမြတ်သင်းကြိုင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၂၅ (သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ အတွေးအမြင်
၆။ ၁၂:၀၀ မြန်မာ့ရှုခင်း
၇။ ၁၃:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
၉။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၁၁။ ၁၈:၃၀ မွေးမြူသုတ

# မြန်အောင်မြို့နယ်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



မြန်အောင် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သီတာ၏ပြောပြချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ ဇန်နဝါရီလဆန်းပိုင်းမှစ၍ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။ အဆိုပါ ဒေသထွက်ခရမ်းသီးများ တစ်ရက်လျှင် အလုံး ၄၀၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ်မှာ အထွက်နှုန်းလည်းကောင်းတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ အရောင်းအဝယ်ကောင်းမွန်နေတာပါ''ဟု ဒေါ်သီတာကပြောသည်။

မြန်အောင်မြို့နယ်၌ စိုက်ပျိုးထွက်ရှိသည့် ဒေသထွက်ခရမ်းသီးများအပါအဝင် တခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ရေကြည်စသည့် ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်

# မြောက်ဥက္ကလာပမြို့နယ် အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဇန်နဝါရီလ ၁၅ ရက်က အဆိုပါကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လောဟာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းက လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြဝင်းနှင့် အမှတ် (၅)အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်မေသန်းတို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း Grade-9 မှ မောင်ဇွဲမြင့်မိုရ်က လူငယ်နှင့်စာပေ၊ မအိဖြိုးကျော်က လူငယ်နှင့်ယဉ်ကျေးမှု၊ မမကြေယ်စင်မောင်က လူငယ်နှင့်နည်းပညာ၊ မောင်နိုင်လင်းထွန်းက လူငယ်နှင့်မူးယစ်ဆေး၊ မောင်စန်းထွဋ်ဦးက လူငယ်နှင့်အားကစား၊ Grade-8 မှ မပိုပိုချစ်က လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြသည်။

ဆက်လက်၍ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုမွန်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်ပိုစတာများ၊ သုတ၊ ရသစာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

# ကျေးလက်ဂဝံကုန်ထုတ်လမ်း /တံတားများ ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး


ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်/ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အတွင်းသို့ ရောက်ရှိစေရန် ရိုးကြီးကျေးရွာအုပ်စု ရိုးကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း /တံတားများဖောက်လုပ်နေမှုအခြေအနေများကို ဇန်နဝါရီလ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူနှင့် ဝန်ထမ်းများသည် ရိုးကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်၌ Slab Culvert တံတားတစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၁ ဒသမ ၄၅၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိပြီး ယခုဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုငွေ ငွေကျပ် ၄၉ ဒသမ ၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် လင်းသီဟကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇွန်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်




# ကျောက်ဆည်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေး

ကျောက်ဆည် ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း စပယ်ခန်းမ၌ ဇန်နဝါရီလ ၁၅ ရက်က ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အောင်မေကြည်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမင်းသန်းက စွမ်းအင်ချွေတာသောပစ္စည်းများ သုံးစွဲခြင်း၊ ကာဗွန်ထုတ်လုပ်မှုများကို လျှော့ချခြင်း၊ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်း၊ ညစ်ညမ်းဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ စွမ်းအင်ချွေတာသောမီးလုံးများ အသုံးပြုခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ ပလတ်စတစ်အိတ်သုံးစွဲခြင်းကို ရပ်တန့်ခြင်း၊ စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊ အများသုံးယာဉ်နှင့် ဘတ်စကားများကိုအသုံးပြုခြင်း၊ ရေကိုချွေတာသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းများ ခွဲခြားစွန့်ပစ်ခြင်း စသည့်အကြောင်းအရာများကို အသိပညာပေးဆွေးနွေးသည်။

အသိပညာပေးဆွေးနွေးပွဲအပြီးတွင် အခမ်းအနားတက်ရောက်လာသူများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက်အခမ်းအနားတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြသထားသည့် ရာသီဥတု၏နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် စိုက်ပျိုးသီးနှံပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့်ဇီဝမျိုးသုဉ်းပျောက်ကွယ်ခြင်း၊ ရေရရှိမှုခက်ခဲခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ ရောဂါများဖြစ်ပွားခြင်း စသည့်နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

သက်မောင်( ကျောက်ဆည်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**❍ ကျောဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့၌ကျင်းပပြုလုပ်သော ၂၀၂၅ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို စတင်ကျင်းပပြုလုပ်ခဲ့ရာ အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့်တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်မွေးမြူပြီး တစ်ဦးပေါ်တစ်ဦး တန်ဖိုးထားကာ လေးစားမှုဖြင့် ရှေးပဝေသဏီကတည်းက အတူတကွနေထိုင်ခဲ့ကြကြောင်း၊ မွေးဖွားရာဇာတိ နေထိုင်ရာအရပ်ဒေသ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်းအစဉ်အလာများ မည်သို့ပင်ကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်အေးအတူပူအမျှ မရှိအတူ ရှိအတူ စည်းလုံးညီညွတ်စွာဖြင့် ဆွေမျိုးသားချင်းပမာ လက်တွဲနေထိုင်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါကြောင်း၊ နာဂတိုင်းရင်းသားလူမျိုးများ၏မျိုးနွယ်စု ရိုးရာဓလေ့ထုံးတမ်းများနှင့် ရိုးရာမြေဝိုင်းအကပဒေသာများမပျောက်ပျက်အောင်လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာသည့်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း။

နာဂဒေသသည်တည်ငြိမ်အေးချမ်းသည့်ဒေသဖြစ်သည့်အတွက် ကဏ္ဍအလိုက် လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ငန်း ၈၂ ခု၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း ၁၅၈ ခုဖြင့် နာဂဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဆူပူသောင်းကျန်းမှုမရှိသည့် အေးချမ်းသည့်ဒေသများမှာ မိသားစုအကျိုး၊ ရပ်ရွာအကျိုး၊ ဒေသအကျိုးများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ အစဉ်တိုးတက်နေမည်ဖြစ်ပါကြောင်း၊ နာဂဒေသသည်လည်း အေးချမ်းသည့်၊ ငြိမ်းချမ်းသည့်ဒေသအဖြစ် အမြဲထိန်းသိမ်းထားရန်လိုအပ်ပြီး နာဂလူမျိုးများ၊ ဒေသတွင်းနေ အခြားတိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေအောင်ဆောင်ရွက်ရန် ဒေသတွင်းနေ တိုင်းရင်းသားပြည်သူအားလုံးမှာတာဝန်ရှိပြီး အလုပ်ကိုကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် နာဂဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် နှစ်စဉ်တိုးတက်မှုများရှိခဲ့သည်ကို ဒေသတွင်းနေတိုင်းရင်းသားပြည်သူများ သိရှိပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်သူများအားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ တောင်ပေါ်ဒေသတစ်ခုဖြစ်သည့် နာဂဒေသ၏ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများက တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နှစ်သစ်အမှာစကားပြောကြားပြီး နာဂတိုင်းရင်းသားတစ်ဦးမှ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းအား ဖတ်ကြားရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုက နှစ်သစ်ကူးအမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးပစ္စည်းများအား ပေးအပ်ခဲ့ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ လက်ခံရယူသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ နာဂနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရိုးရာယဉ်ကျေးမှုပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများအား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် လဟယ်မြို့ရှိ ဟွေထိုက်ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၊ မိုးဒန်းအပန်းဖြေအလှကန်တည်ဆောက်ပြီးမှု အခြေအနေ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသား **စာမျက်နှာ ၁၂ သို့ ❍**

❍ စာမျက်နှာ ၁၁ မှအဆက်

လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ်၊ နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့် အတူတကွပါဝင်ဆင်နွှဲသည်။ ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လဟယ်မြို့နယ်၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌတို့က နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကိုမီးထွန်းညှိဖွင့်လှစ်ပေးခဲ့ကြပြီး နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုများအား ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စုရိုးရာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါနာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှုအနုပညာများကိုဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကိုအခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များလည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့်အတူတကွပါဝင်ဆင်နွှဲလေ့ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်) နှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (လွိုင်ကော်)တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အနေဖြင့် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိလာပြီဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ ခေတ္တရပ်နားထားရသော သင်တန်းကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်ပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် သက်သာချောင်ချိရေးအတွက် မွမ်းမံထားရှိသည့် ဥစားကြက်ခြံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၆

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ချေးငွေကျပ် ဘီလီယံ ၂၀၀ မှ နိုင်ငံတော်၏ လျော့ပတ်ရန်ပုံငွေသို့ ငွေကျပ်၅၀ ဘီလီယံနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၁၅၀ ဘီလီယံမှ ငွေကျပ် ၆၈ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၁၈ ဘီလီယံကို ပြန်လည်ကောက်ခံပြီးစီးမှုနှင့် နိုင်ငံတော်သို့ ငွေပြန်လည်ပေးသွင်းမှုအခြေအနေ၊ ပြန်လည်ပေးဆပ်ဆဲနှင့် ပေးဆပ်ရန်ကျန်ရှိနေသည့် ချေးငွေများကို စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများနှင့် ရပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့်မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများသည် ၂၀၂၅ ခုနှစ်အတွင်း ခွင့်ပြုပေးထားသည့် ချေးငွေသက်တမ်းပြည့်မြောက်တော့မည်ဖြစ်၍ ပြန်လည်ပေးဆပ်ရန်ကြိုတင်အသိပေးအကြောင်းကြားစာ ထုတ်ပြန်အကြောင်းကြားရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေများ ပြန်လည်ကောက်ခံရရှိမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ချေးငွေကောက်ခံပေးသွင်းရန်ကျန်ရှိမှု၊ မြန်မာ့စီးပွားရေးဘဏ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ် ချေးငွေစိစစ်ကြပ်မတ်ရေး အဖွဲ့များနှင့် ပုဂ္ဂလိကဘဏ်များမှ ချေးငွေကောက်ခံပေးသွင်းရန် ကျန်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ထားရှိမှု၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရရှိရေး အစီအစဉ်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်) ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ ကြီးကြပ်ဆရာ၊ ဆရာမများ၊ မိဘ၊ အုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အနာဂတ်ခေါင်းဆောင်ကျောင်းသားလူငယ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် လိုအပ်သည့် အရည်အသွေးများအနက် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေးသည် အရေးကြီးကြောင်း။



အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ကျောင်းသားလူငယ်များကို နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာဘာသာစကားစွမ်းရည်များ တိုးတက်လာစေရန်နှင့် စဉ်းစားတွေးခေါ်ဉာဏ်ရင့်သန်ပြီး သင်္ချာဘာသာရပ်ဆိုင်ရာ ဉာဏ်ရည်တိုးတက်စေရန် ရည်ရွယ်၍ နှစ်စဉ် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် Grade-5၊ Grade-6၊ Grade-7၊ Grade-8 နှင့် Grade-9 အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၏ ဖြေဆိုမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် အတန်းအလိုက် ပထမဆုရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူများက အင်္ဂလိပ်စာစွမ်းရည်ကို ပြသတင်ဆက်ကြကြောင်းသိရသည်။

(၅၀၀)

# မိုးမှာကြယ်စင်...ဂန္ထဝင်မျိုးဆက်...သံမဏိငှက်များ

မောင်လတ်(ကမ်းရိုးတန်း)

ငှက်တို့၏ခြေရာကို ကောင်းကင်ဖျားတွင် ရှာမတွေ့နိုင်ပါ။

သို့သော်...အမြင်ရှိသည်။ အကြားသိသည်။ လှုပ်ရှားမှုနှင့်စွမ်းရည်ပိုင်းကိုတော့ လက်ခံရမည်။ အသိအမှတ်ပြုကိုပြုရပေလိမ့်မည်။ ရိုးရိုးငှက်များမဟုတ်...၊ သတ္တုရောစွက် သံမဏိငှက်များဆိုလျှင်တော့ ဆန်းသစ်သောစွမ်းအားနှင့် ကြီးမားသည့်ဂုဏ်ရည်... ဆင့်မီပြည့်စုံနေပေလိမ့်မည်။ စွမ်းရည်အရာ၌ကား အကြီးမားဆုံးဖြစ်သည့် "လေကြောင်းစွမ်းရည်" ၏ အချွန်အဖျားပင်တည်း။

"အမြင် အကြား...နှလုံးသားထဲမှာ" မှတ်မှတ်သားသား စာချိုးလေးတစ်ခု... တွေ့ရှိဖူးသည်။

"မိုးယံဖွင့်တက်...လေယာဉ်ပျံ...
ထီလာမြေကို...အုန်းခြိမ့်ညံ
လေသူရဲတို့ အောင်မြေအမှန်"တဲ့။

မှန်ပါသည်။ မိတ္ထီလာဆိုတာ ဟိုယခင်က တပ်မြို့ဟုခေါ်တွင်သည့် အညာမြို့ကလေးသာပင်။ သာမန်အမြင်အရကြည့်လျှင်တော့ ရထားလမ်းကြုံ ကားလမ်းဆုံမို့ ကူးသန်းသွားလာရေးလွယ်ကူမှု လောက်သာ အတွေ့အသိ ရှိနေပါလိမ့်မည်။ စင်စစ်အကူးအသန်းကောင်း သင့်မျှရုံဖြင့် မထူးဆန်းလှဟု ဆိုနိုင်ပါ၏။ စူးစမ်းကြည့်သောအခါ ရုပ်ဝတ္ထု အခွဲအခန့်နှင့် အဆွဲအဆန့်တွင် တွေ့ရှိလာသည်က ဆင့်ကာဆင့်ပွား မြင့်မြင့်မားမို့၊ အကြင်မြို့ကလေး၏ဥပမိသည် ရိုးရိုးအနေအထားမဟုတ်တော့ အမြင်၊ အကြား ... နှလုံးသားထဲမှာ စူးစူးနစ်နစ် ဆွဲဆောင်မှုရှိနေကြောင်း သိလာရသည်။

ထူးခြားချက်မှာ သမိုင်းနောက်ခံအရှိတရားကျယ်ပြောမှု၊ ပစ္စုပ္ပန်ကာလ ဒေသတွင်းရှိ စွမ်းအားရင်းမြစ် အတွန်းအဖွင့်အားပြိုင်မှုတို့ကြောင့် သင်္ကေတပြုစရာဖြစ်လာသည်။ သည်တော့ သည်မြို့လေးကို လွှမ်းမိုးစေတန်ရာသောအရိပ်ဟုဆိုရမည့် "လေယာဉ်ပျံ" ပြီးတော့ "လေသူရဲ"တို့သည် ဤမြို့လေးအတွက် ဒွိယံ၊ ဒွိယံ အနေအထားပေ့ါ။ အတွဲအစပ်မှသည် ... "အန္တတ္တ" သညာပြုစရာ ဖြစ်လာပေလိမ့်မည်။ ပြုလည်းပြုလောက်ပါ၏။ မိတ္ထီလာနှင့်လေယာဉ်ပျံသည် နှစ်လွှာပေါင်းဖက်စွယ်တော်ရွက်ပမာဖြစ်ခဲ့ပြီမို့ ခေတ်ရေစီးအစုန်အဆန်ဝယ်ပုံသဏ္ဍာန်မြင့်ကဲ အောင်လံလွင့်ဆဲဟုပင် ပြောရပေလိမ့်မည်။

တကယ်လည်းလေယာဉ်၊ ရဟတ်ယာဉ်နှင့် နှစ်ကာလ ရှည်ကြာတွဲယှဉ်နေခဲ့သည့် မြို့လေးဖြစ်၏။ လေကြောင်းရပ်ဝန်းလွင်ပြင်ကြီးတစ်ခု အနေအထား၏ သက်ရောက်မှု အသွင်သဏ္ဍာန်အရ ခေတ်သိပ္ပံဆိုင်ရာ လေကြောင်းစက်မှုစနစ်၊ နည်းနာနိဿယနှင့် စစ်အင်္ဂါအခင်းအကျင်းစုဖွဲ့မှုများရှိသည်။ ယင်းစွမ်းအားစုများ၏ စီးမျောမှုအဟုန်၊ အုံကျင်းဖွဲ့တည် ရှေ့လှမ်းချီနေသည်များကို တွေ့ရပေလိမ့်မည်။ တီထွင်ဆန်းသစ်သည့် ရင်းမြစ်စွမ်းအားတို့ နှိုင်းညှိပေါင်းစပ်၊ အတတ်အသိပညာ အညွန့်အဖူး... ထုံကူးသည့် အပေါင်းလက္ခဏာဝိသေသတို့ကိုလည်း မြင်တွေ့ရပေလိမ့်မည်။ ဤသည်မှာ တပ်မတော်(လေ)၏ "သန္ဓေအမှန်" အကြောင်းခြင်းရာတို့အပြင် အခြေခံကျသည့် နည်းဗျူဟာ... တံခွန်ထူလွှင့်ရာ "လေကြောင်းပညာနက်သန်" အမှန်အကန်ဒေသဖြစ်နေခြင်းကြောင့်ပင်တည်း။



## လေကြောင်းလွင်ပြင် ဂန္ထဝင်အဖူးအပွင့် ... ထူလွှင့်မျိုးဆက် ... သံမဏိငှက်များ

ကြည့်လေ ...၊ မြင်ကွင်းအရပင် သိသာလှပါ၏။ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် ရှမ်းတဲ မိတ္ထီလာမြို့တဲ့...။ မြို့နှင့် အနီးကပ်ဆုံးတည်ရှိနေမှုနှင့် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးတွင် ရှိနေပါသည်။

မြူနှင်း ဇာပဝါပါးပါး အလွှမ်း အဖြန့်ခင်းစပြုလေပြီ၊ မိုးကာလနှောင်းပြီပေ့ါ။ အသစ်ပြောင်းကူးသည့် ဆောင်းဝင်နှင့်ပြီဟုဆိုရပေမည်။ အရုဏ်ဦး...ဖူးပွင့်စကောင်းကင်မှာပြာလဲ့လဲ့ လွင့်မျောနေသည့် တိမ်ဖြူပါးပါးကြောင့် အညာမြေ၏အပူသရုပ်ကို ပေါ်လွင်နေပြန်သည်။ လေအဝှေ့ဝယ်... တမာရနံ့ကသင်းမြမြ။

ဌာနချုပ်ဝင်းအတွင်း အခမ်းအနားအပြင်အဆင်တစ်ခုပြင်ဆင်ထားသည်ကို မြင်ရသည်။ လေယာဉ်ပြေးလမ်းနောက်ခံပြုကာ လူပျံတော်ရုပ်တု၊ သိန်းငှက်နဖူးစီးပါမုခ်ဦး၊ ဌာနချုပ်/ စခန်း/ အုပ်/ တပ်များဆိုင်ရာအလံများက တလွင့်လွင့်၊ ပြီးတော့ ဖိတ်ကြားခံဂုဏ်သရေရှိဧည့်သည်တော်များ၏မြင်ကွင်းတို့ကြောင့် ကျွန်တော်၏ စိတ်ထဲတွင် ဇာတိသွေး၊ ဇာတိမာန် တက်ကြွနိုးကြားလာခဲ့သည်အလားတွေးထင်မိပါသည်။ စင်စစ် လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၈၆) လေသူရဲတောင်ပံအပ်နှင်းပွဲပင်တည်း။

နှစ်စဉ်ဖွင့်လှစ်ဆောင်ရွက်မှုအစဉ်အလာနှင့်ဖြတ်သန်းကာလကြာခဲ့ပြီဖြစ်၏။ ဤသင်တန်းနှင့်ဤသင်တန်းကျောင်းသည် လွတ်လပ်ရေးရပြီး နှစ်နှစ်အကြာ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်မှစတင်ကာ မှော်ဘီ၊ မိတ္ထီလာ၊ မြစ်ကြီးနား စသည်ဖြင့် အဆင့်ဆင့်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ယခု မိတ္ထီလာ ရှမ်းတဲ၌ အခြေစိုက်ခဲ့သည်မှာပင် ကြာခဲ့လေပြီ။ လေယာဉ်မောင်းသင်ကျောင်း၏ သက်တမ်းကာလကို ရေတွက်ကြည့်သော် စိန်ရတုနှစ်ကာလအပိုင်းအခြားထဲသို့ပင် ရောက်ရှိလာနေပြီဖြစ်၏။


ဤမျှသက်တမ်းရှည်ရပ်တည်ခဲ့သည်မှာမော်ကွန်းထူလောက်ဂန္ထဝင်မြောက်ခဲ့ပြီဟု ဆိုရပေလိမ့်မည်။ ယင်း **"ဂန္ထဝင်ပန်းခင်း"** ကျောင်းမြတ်အမွန်သည်... သမိုင်းတန်ဖိုးကြီးမြတ်လှပါ၏။ ဤသင်တန်း၊ ဤကျောင်းနှင့် ဤကျောင်းတည်ရာ တပ်စခန်း၊ ဤစခန်းတည်ရာ မြို့ကလေးစသည်ဖြင့် သင့်ရာဆင့်တက် ပတ်သက်သမျှတို့သည် သက်ရောက်မှုအလိုက် ထွေးပိုက်ထားရှိနိုင်သည့်တန်ဖိုးက တနင့်တပိုးရှိလှပါ၏။ ကြည့်စမ်း... သမိုင်းဇေဒကို လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းရှိခြင်းတည်းဟူသော မျဉ်းဖြောင့်တစ်ကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်နေသည့် ဤကျောင်းမြတ်၏ဂုဏ်သိက္ခာသည် ကြီးမြတ်လှပါ၏။ ဆောင်ပုဒ်ကပင် **"အာကာသ... ဝိဇ္ဇာ.. သိဒ္ဓိ"** တဲ့ ... မြေပြင်ဝေဟင်... အစရှိသည်ဖြင့် ကောင်းကင်နှင့် ပတ်သက်သမျှဆိုင်ရာဆိုင်ရာပညာရပ်တို့ကို တတ်မြောက်အောင်မြင်ခြင်းနှင့် စွမ်းဆောင်အားပိုင်ပိုင်ဆောင်ရွက်နိုင်စွမ်းရှိခြင်းတို့ကို ဖော်ညွှန်းခြင်းပင်မဟုတ်ပါလား ..။

အနှစ်သာရပိုင်းအနေဖြင့်ကြည့်လျှင် ဤကျောင်းမြတ်သည် ပျံသန်းရေးဆိုင်ရာ လေသူရဲများဖြစ်သည့် ဂန္ထဝင်မျိုးဆက် သံမဏိငှက်များ နှစ်စဉ်မွေးထုတ်ပေးနေခြင်းပင်တည်း။ ပုံခိုင်းပမာ နှိုင်းစရာပြောရလျှင် လေကြောင်းလွင်ပြင်မှ ထိုးထွက်လာသည့် ဂန္ထဝင်ပန်းခင်း၊ ဤပန်းခင်းသည် **"အမြုတေ"** ရတနာတို့၏မွေးရပ်မြေသံမဏိငှက်များ၏ဘူမိနက်သန်မွေးဇာတိ ပညာဆင့်ကူးခြင်းဖြင့်တပ်မတော်(လေ)၏ဂုဏ်ဒြပ်အချွန်အဖျား မြင့်မားခြင်းတို့ဖြစ်စေခဲ့သည်။ ဤသည်မှာ ပိုင်ဆိုင်ထားနှင့်ပြီးဖြစ်သည့် ကိုယ်ရေးသမိုင်းအရည်အသွေး မှန်ကန်သောသစ္စာတရားပင်ဖြစ်၏။

**"သစ္စာဟူငြား.. မှန်တရားလည်း၊ တိမ်းပါးမရှိ မြဲစေဘိလော့၊ တောင်ရှိမပြို၊ မယိမ်းယိုင်နှင့် ..."** ဟူသောမန်လည်ဆရာတော်ဘုရားကြီး၏ **"မဃဒေဝ"**လင်္ကာ အဆိုရှိနှင့်ပါသည်။ သစ္စာနှင့်ပတ်သက်၍ **"သစ္စာနှုတ်သီး၊ မန္တန်ကြီးက သေပြီးသော်မှ ရှင်သန်ရ၏"** တဲ့။ ထိုထိုသော အဆိုအမိန့်စံပြုစရာများတွင် သစ္စာတရားကြီးမားသောပြယုဂ်အင်အား၊ စွမ်းရည်တို့သည် ယနေ့တပ်မတော်(လေ) စစ်လမ်း ရှည်လေသမျှအားမောင်းယှဉ်ပြိုင် ပိုင်ဆိုင်ဖြစ်ထွန်းခဲ့ပြီဟု ဆိုလောက်ပါ၏။ ကြည့်လေ... အရှေ့အာရှစစ်နယ်တစ်ခွင်ဝယ် **"ကျားတစ်ကောင်နယ်"** ရပ်တည်နိုင်ခဲ့သလို မြန်မာ့ကာကွယ်ရေး တာဝန်မှာလည်း **"ဓားတောင်သဖွယ်"** တည်ဆောက်မြင့်မိခဲ့လေပြီ။

## မိုးပြာပိုင်နယ်... ကာကွယ်မိဋ္ဌာန် ... ရွှေတောင်ပံများ ... တံခွန်လွှားပြီ ...

ရွှေတောင်ပံဆိုသည်မှာ မူဝါဒသတ်မှတ်ချက် ဂုဏ်ထူးဆောင်တံဆိပ်ကလေးပါ။ ပိုင်နက်ဝေဟင် စိုးမိုးခွင့်အမှတ်အသားသို့သော်ဥပမိအနေဖြင့်မသေးလှဟုထင်၏။ တံဆိပ်ဟူသောဝေါဟာရထက်ပင် တန်ဖိုးအနေဖြင့် ကြီးမြင့်မည်ဟု ကျွန်တော်ထင်ပါသည်။ ဆိုလိုသည်မှာ **"တန်ဖိုးဟူသည် အလုပ်ကဖန်တီး၏"**...တဲ့။ ဒဿနဆန်သောပညာရှိစကားနှင့်ချိန်ထိုးမိသည်။ ကြည့်လေ ...၊ အနှစ်သာရပိုင်းအရ သင်ကြားတတ်မြောက်ကျွမ်းကျင်ရန်ပင် အသက်နှင့်ထပ်စွန့်စားရခြင်း၊ မြန်မာ့ဝေဟင်ကို စိုးမိုးပိုင်နိုင်စွမ်းရှိခြင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်တိုင် တပ်ဆင်ချီးမြှင့်အပ်နှင်းခြင်း ... စသည့် စသည့် ဂုဏ်ဒြပ်များဖြင့် ပုံအပ်နိုင်စွမ်းရှိခြင်းကပင်လျှင် သူရဲကောင်းတို့၏ အသွေးအသားကိန်းဝပ်မှုဖြင့် ထုဆစ်ပုံဖော်မှု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ တကယ်တော့ ကောင်းကင်ပြာသည်သာလျှင် "လေသူရဲကောင်း"တို့၏မှတ်ကျောက်ပင်။



အရွယ်အစားမှာ ကိုးစင်တီမီတာခန့်၊ အနက်ရောင်နောက်ခံတွင် ပိုးသားရွှေချည်ထိုး

စာမျက်နှာ ၁၄ သို့ ▸▸

▸▸ စာမျက်နှာ ၁၃ မှအဆက်

ဝင်းလက်တောင်ပံတစ်စုံဖြစ်ပြီး တောင်ပံဆက် စက်ဝန်းတွင်း "လေ"ဆိုသည့် ရွှေစာလုံးအထက်တွင် ရွှေကြယ်တစ်ပွင့် ချိတ်ဆက်ထားပါသည်။ ယင်းတံဆိပ်လေးကို ဘယ်ဘက်ရင်အုံ၌ တပ်ဆင်ခွင့်ပြုခြင်းမှာလည်း ထူးခြားမှုပင်။ ဆိုလိုသည်မှာ နှလုံးသားပေါ် ခတ်နှိပ်ပေးလိုက်သည့် စွမ်းဆောင်မှုအမှတ်အသား၊ ထိုမှတစ်ဆင့် စိမ့်ထွက်လာသည့် နှလုံးသားသံစဉ်လေးမှာ "ဆရာ" တဲ့၊ သမုဒယနွယ်သော်လည်း ဂါရဝနိမ့်မြင့် မှန်၏။ လေသူရဲအရာရှိများ လောကတွင်ထာဝရခိုင်တွဲနေမည့် ချစ်ကြည်မှုရပ်ဝန်းလေးပင် ဖြစ်စေသည်မဟုတ်လား။

အတွေးများပျံ့ဝဲလှည့်နေသောကျွန်တော် ရုတ်တရက်မွှေးမြသည့်ရနံ့များခံစားလာရမှုကြောင့် အသိမှာ စိမ်းစိုလာပြန်ပါသည်။ "တမာ" ရနံ့အပြင် ပန်းပေါင်းစုံ ထုံဝတ်လွှာဖြန့်ခင်းစီးဆင်းလာမှုဖြစ်၏။ ဤအရက်ဦးကိုကြိုဆိုနေသည့် ပန်းကလေးများပေါ့ ...။ အမှတ်စဉ်(၈၆) လေသူရဲတောင်ပံ အပ်နှင်းပွဲလေ။ ကောင်းကင်ပြာဝယ်... အဆုပ်လိုက်...အဆုပ်လိုက် လွင့်မျောနေသည့်တိမ်ဖြူလေးများ၊ ကျေးလက်နောက်ခံ လေယာဉ်ပြေးလမ်းသည်ပင် ကျောင်းဆင်းစစ်ရေးပြအသွင်ဆောင်နေပြီ။ အင်္ဂါစဉ်အရအလံကိုင်အဖွဲ့၊ ကျောင်းဆင်းလေသူရဲမောင်မယ်တပ်ဖွဲ့၊ ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်ဖွဲ့တို့၏ လှုပ်ရှားမှုမှာ အားမာန်အပြည့်စစ်ချီတေးနှင့်အသံတီးလုံးတို့မှာ လူ့နှလုံးသားကို စိုးမိုးဆွဲဆောင်နိုင်စွမ်းရှိပေစွ။ လေးနက်သောခံစားမှု၊ သွေးသားတက်ကြွမှုတို့ကြောင့် လက်ရုံးကြောဆိုင် မာတင်းခိုင်ခဲ့လေပြီ။

ကျွန်တော်အလေးပြုဂုဏ်ယူမိပါသည်။ "အတ္တ" နွယ်သည့် လက်မထောင်ဂုဏ်ယူနေခြင်းမျိုး မဟုတ်ပါ။ **"လက်ညှိုးထောင်မြှင့်၊ ဂုဏ်ယူဝင့်သည့် ရဲရင့်ခြင်း"**ဆိုသည်မျိုးဖြစ်၏။ တကယ်လည်း လက်ညှိုး၏ အမှတ်သညာမှာ ညွှန်ပြခြင်းလက္ခဏာသဘောဆောင်သည်ဟု သာမန်အနေဖြင့် ထင်စရာ၊ သို့ရာတွင် အများထဲမှတော်သူကို ရွေးထုတ်သည့်အခါ လက်ညှိုးထောင်ခြင်းသင်္ကေတဖြင့် ထွက်လာရသည်၊ ဤအချက်ကို ကျွန်တော်လေးစားသည်၊ ဂုဏ်ယူသည်၊ ထူးချွန်ကြသည်ကိုး။ ယခုလည်း ထို့အတူပင် စစ်သားဘဝရခဲ့လှ၏။ ထိုစစ်သားဘဝ



တွင် "လေသူရဲစစ်သား" ဘဝကား ပို၍ မလွယ်ကူပါ။ သူတို့တာဝန်က မသေးလှ။ မိုးကောင်းကင်ကိုသက်သေပြုကာ စွန့်လွှတ်စွန့်စားဆောင်ရွက်ရခြင်းမျိုးပင်၊ တိုင်းပြည်အပေါ်ထားရှိသည့် သူတို့၏ဇာတိမာန်စိတ်သည် လေးစားစရာကောင်းလေစွ။

### သမိုင်းရေစီး... သူရဲကောင်းဝိညာဉ်၊ နိုင်ငံရေးယဉ်ကျေးမှုနှင့် နည်းပညာ အတွန်းအဖွင့်

သိပ္ပံနှင့်နည်းပညာနယ်ပယ် ဖြန့်ကြက်၊ ဆန့်ထွက်မှုကျယ်ပြောလာသည်နှင့်အမျှ သဘာဝကို ပြောင်းလေစေတန်ရာသော အကြောင်းခြင်းရာများ၊ စူးစမ်းရှာဖွေမှုဆင့်ကာဆင့်ပွား၊ မြင့်ကာ မြင့်မားလာစေသည်၊ ထိုအခါ လေကြောင်းပညာရပ်သည် ခွန်အားကြီးတစ်ခုဖြစ်ကြောင်း နိုင်ငံတကာမှ အသိအမှတ်ပြုလာကြပြီဖြစ်၏။ နည်းပညာပိုင်း အတွန်း အဖွင့် အရှေ့မှာလည်း ပဋ္ဌလက်ဆန်လွန်းလှပါ၏။ သဘာဝရင်းမြစ်ဇဟိုပြုမိုးကောင်းကင်ကို အနိုင်ယူအောင်လံထူရန် အထိပင်ဖြစ်လာနေသည်။ လေကြောင်းစွမ်းရည်သည် သိပ္ပံနှင့် နည်းပညာရပ်တို့တွင် အခြေခံသည်ဖြစ်ရာ စက်မှုကွန်ရက် အခင်းအဖြန့်ဖြစ်သည့် တည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ဆန်းသစ်၊ ပြင်ဆင် စသည့်အပိုင်းကို ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ ပျံသန်းမှုအတတ်ပညာပိုင်း အတွက်လည်း ထူးချွန်ထက်မြက်သည့် လေသူရဲကောင်းများ အဆက်မပြတ်မွေးထုတ်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ရပါသည်။ စင်စစ် ယင်းအသိပညာနှင့် အတတ်ပညာပိုင်းတို့သည် လေကြောင်းကဏ္ဍတွင် ဆက်ထုံးဆက်ကြောင်းကောင်းများပင် ဖြစ်သည်။

သမိုင်းသည်မေ့ပျောက်၍မရသလို ကျန်ခဲ့ချန်ခဲ့၍လည်း မရပေ။ မိမိလုပ်ဆောင်မှုနှင့်ယှဉ်တွဲကာ အတိတ်ကာလအဖြစ် အရိပ်ယမာနောက်ကလိုက်နေမြဲ သမိုင်းရေစီးကား ပုံမှန်မရှိ အလှုပ်အခတ် ရုပ်ဒြပ်ထည်လှ၏။ ရေစုန်တွင်ကြမ်းပေမင့်ရေဆန်တွင်ပမ်းသည်လည်းရှိသည်။ ရေစုန်တွင်ချောပေမယ့်ရေဆန်မှာ မောတာတွေလည်းရှိတတ်ပါ၏။ ရှိပါ၏။ တပ်မတော်(လေ)သည်စစ်ခရီးကြမ်းကို ဖြတ်သန်းခဲ့သည့်ကာလ (၇၇)နှစ်တာအတွင်း စစ်လက်ရုံး၊ စစ်အားမောင်းတို့ကို ဖြည့်တင်းနိုင်ခဲ့လေပြီ။ အသိပညာနှင့် အတတ်ပညာတို့ မျှညီပေါင်းဖက် ဆက်ချီတက်ရင်း နိုင်ငံတကာနှင့် ယှဉ်တွဲနိုင်ခဲ့ပြီဖြစ်၏။ အထူးသဖြင့် လေသူရဲများ နှစ်စဉ်မွေးထုတ်ပေးနိုင်ခြင်းဖြင့် အကျိုးတရားများလှပေလိမ့်မည်။

တပ်မတော်(လေ)သမိုင်းတွင် စွမ်းရည်ဘွဲ့၊ တံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခံခဲ့ရသည့် လေသူရဲဇာနည်များ ရှိခဲ့ပါသည်။ နိုင်ငံ့အတွက် အသက်ပေးဆောင်ရွက်ခဲ့သည့် သူတို့၏သွေးနှင့် ရေးခဲ့သည့်ရုပ်ပုံလွှာများသည်ပင်လျှင် လေတပ်သားတိုင်း ရင်ထဲတွင်ဘယ်တော့မှမမေ့၊ အစဉ် ကိန်းဝပ်နေမြဲ။ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်သည့်တစ်ခုတည်းသောစိတ်ဓာတ်သည်ပင်လျှင် တုန့်နှိုင်းဖွယ်ရာ မရှိနိုင်သည့် ဂုဏ်ဒြပ်ဖြစ်ခဲ့ပြီ မဟုတ်ပါလား။

ဤနေရာတွင် "တိုက်လေသူရဲ" အမည်ခံ "သံမဏိငှက်များ"ကို သင်ကြားမွေးထုတ်ပေးခဲ့သည့် ဆရာများ၏အပိုင်းကိုလည်း ချန်ထားခဲ့၍မရပေ။ ဆရာသည် တပည့်ဖြစ်သူအတွက် စံပြ၊ ရိုသေဆည်းကပ်ခံရသူဖြစ်၏။ အတတ်လည်းသင်... ပွဲပြင်ဆုံးမ ...သိပ္ပမချန်...တဲ့။ ဤဆရာများမှာ အတတ်သင်ရာတွင် အသက်ပါရင်းရသည့် ဖြစ်စဉ်များ ရှိနှင့်ခဲ့ဖူးပါသည်။ ဆရာ့ဂုဏ်ရည်တွင် ပီတိကိုစား အားရှိတဲ့။ ငှါ့ပခုံးထက် မင်းတို့တက်ကြ၊ မင်းတို့ငှါ့ထက်မြင့်ရမည်တဲ့။ ဤသည်မှာ ဘယ်တော့မှ မရိုးနိုင်သည့် ဆရာများ၏ခံယူချက်ပင်တည်း။ လေးစားစိတ်နှင့်အတူ အကြိမ်ကြိမ် ဂါရဝပြုဦးညွတ်မိပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင်ငြိမ်းချမ်းရေးပျောက်ဆုံးသကဲ့သို့ဖြစ်နေခဲ့လေပြီ။ ငြိမ်းချမ်းရေးပျောက်ဆုံးခြင်းမှာ ယဉ်ကျေးမှုကွယ်ပျောက်ခြင်းပင်၊ "နိုင်ငံရေးယဉ်ကျေးမှု"တကယ် လိုအပ်နေပြီဖြစ်၏။ ခေတ်သစ်သိပ္ပံနည်းနာနိဿယကို အခြေခံကာ ပဋ္ဌလက်ဆန်သော အတွန်း အဖွင့်များဖြင့် စိန်ခေါ်မှုများ ကြီးမားလာနေပါ၏။ တကယ်တော့ ယဉ်ကျေးမှုသည် တင်းမာမှုကို ဖြေလျှော့ပျော့ပျောင်းစေသည့် သက်ရောက်မှု အနက်အဓိပ္ပာယ်ပါဝင်နေပါသည်။ နိုင်ငံရေးတွင် ယဉ်ကျေးမှုသဘောတရားပါဝင်လာပြီဆိုသောအခါ ပထမဆုံးကွယ်ပျောက်ရမည်မှာ စစ်မီးတောက်မီးလျှံများ ဖြစ်ပေလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေပါသည်။

သို့ရာတွင် တွယ်ဖက်ထား၍မရသည့် ခေတ်သမိုင်းရေစီးဝယ် တပ်မတော်(လေ) အနေဖြင့် မိမိနိုင်ငံ၊ မိမိပိုင်နက်အတွင်း စစ်လက်ရုံး လေကြောင်းစွမ်းရည်မြှင့်မီးရေး တစိုက်မတ်မတ်ဆောင်ရွက်လာရမည်မှာ "သမိုင်းပေးတာဝန်" ဟုပင် ပြောရပေလိမ့်မည်။ ပညာခေတ်၏စိန်ခေါ်မှုများကို အဆက်မပြတ်ရင်ဆိုင်ရင်း တပ်မတော်(လေ)သည် တောင်ပံဝင့်မြဲ အောင်လံလွှင့်ဆဲဟု ယုံယုံရဲရဲ ပြောခွင့်သာခဲ့လေပြီ။

### အနာဂတ်လမ်း... ပန်းများပွင့်နေပြီ

လေယာဉ်မောင်းသင်တန်း အမှတ်စဉ် (၈၆) (ဇန်နဝါရီလ ၁၆ ရက်)ကျောင်းဆင်းသွားခဲ့လေပြီ။ မြန်မာ့ဝေဟင်ပိုင်နက်ကာကွယ်မည့်တာဝန်ကို ထမ်းပိုးရင်းမျိုးဆက်တစ်ဆက်နှင့်တစ်ဆက် လက်ဆင့်ကမ်း အမွေရယူနိုင်ခဲ့ပြီဖြစ်၏။ သူတို့လည်း ကျေကျေနပ်နပ် ဝမ်းမြောက်ကြည်နူးကြသလို တွေ့မြင်သူ ကျွန်တော်အပါအဝင် ပရိသတ်ကလည်း ကျေနပ်ဝမ်းမြောက်ဂုဏ်ယူနေမိပါသည်။

သူတို့၏ အနာဂတ်လမ်းသည် ဖြောင့်ဖြောင့်ဖြူးဖြူး။ နိုင်ငံတော်၏အစီအမံကလည်း ထက်ကြပ်မကွာ ပံ့ပံ့ပိုးပိုး။ မျှော်ကြည့်လျှင် မြင်နိုင်သည်က ရနံ့သင်းထုံ ဖူးပွင့်စုံနှင့် လှပသောပန်းကလေးများ ပွင့်နေပြီ။ နိုင်ငံတော်၏ ရွှေရောင်နေ့ရက်များကိုဖော်ဆောင်မည့် လူချွန်၊ လူမွန် မောင်မယ်လေးများပင်တည်း။

သူတို့သည် ကျယ်ပြောလှသည့် အနာဂတ်ကို ပိုင်ဆိုင်ခြင်းနှင့်အတူ... သံမှိုနှက်...နှလုံးသားတွင် ခံယူချက်အပြည့်အပြည့်နှင့်...။ ကောင်းကင်မှာကြယ်စင်တန်း၊ မြေပြင်မှာတော့ ရောင်စုံပန်း။ ညော်... ကိုယ်ပိုင်စွမ်းရည်လေးများဖြင့် သူတို့သည် လောကကို အလှဆင်နိုင်ကြပါလိမ့်မည်ဟု ကျွန်တော်ယုံကြည်နေမိပါသည်။ ။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြိုင်ပွဲများနှင့် ပြပွဲများကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီလ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ပြိုင်ပွဲများ၊ ပြပွဲများကျင်းပပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ကျောင်းစာများအပြင် ပြင်ပဗဟုသုတများ ရရှိစေရန်၊ မိမိတို့၏စိတ်ခံစားမှု၊ စိတ်အတွေးအမြင်များဖြင့် မိမိတို့စိတ်ကြိုက် ပုံဖော်ဖန်တီးရေးသားနိုင်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်နှင့် ကဏ္ဍပေါင်းစုံ၌ ထူးချွန်ထက်မြက်သည့်လူရည်ချွန်များ ဖြစ်လာကြစေရန်တို့အတွက် ယခုလိုပြိုင်ပွဲများနှင့် ပြပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ယှဉ်ပြိုင်ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များပေးအပ်သည်။

ယင်းနောက် ပြည်သူ့စာကြည့်တိုက်မှ ခင်းကျင်းပြသထားသော သုတရသ စာအုပ်စာစောင်များနှင့် ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏အဆိုအမိန့်များ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြောင်း သိရသည်။

**သန်းသန်းနွယ်(ပြန်/ဆက်)**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)ပေါ်၌ တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့် အထူးကုဆေးအဖွဲ့က မအူပင်မြို့နယ် ကွန်ဒိုင်းကလေးကျေးရွာနေ မောင်အောင်အောင်ဦး၏ ဇနီးဖြစ်သူ မသန္တာဌေးကို ၇ ပေါင် ၃ အောင်စရှိ သားဦးရတနာအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးစဉ်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ အောင်မြင်စွာခွဲစိတ်မွေးဖွားနိုင်ခဲ့သည့်ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ ပေးအပ်သည့် ငွေသားနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်စဉ်။









တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ၊ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဗိမာန်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၈၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၆၄ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၁၄၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၁၁၇ ဦး၊ သွားရောဂါ ၅၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၈ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၇ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ ဇန်နဝါရီလ ၁၅ ရက်၊ ည ၉ နာရီ ၂၉ မိနစ်ခန့်တွင် မအူပင်မြို့နယ်၊ ကွန်ဒိုင်းကလေးကျေးရွာနေ မောင်အောင်အောင်ဦး၏ဇနီးဖြစ်သူ မသန္တာဌေးကို ၇ ပေါင် ၃ အောင်စရှိသားဦးရတနာအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ အဆိုပါ ကလေးငယ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)မှ ပေးအပ်သည့် ငွေသားနှင့် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။

အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးမွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၏ သမိုင်းမှတ်တမ်းတွင် ၂၉ ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်




တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ပုလောမြို့နယ်၊ မလိကျွန်းနှင့်အနီးဝန်းကျင်မှ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းမှ စတင်ကာ မလိကျွန်း၊ တိုက်နယ်ဆေးရုံတွင်အခြေပြု၍ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၃၉၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၇၁ ဦး၊ ခွဲစိတ်ရောဂါ ၂၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၀ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၄၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၀ ဦး၊ မျက်စိရောဂါ ၉၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၈၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာ ၄ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ပုလောမြို့နယ်၊ မလိကျွန်းနှင့် အနီးဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူများအား မျက်စိရောဂါနှင့်ပတ်သက်၍ စမ်းသပ်ကုသပေးစဉ်။

# ၂၀၂၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရွှေပြည်သာအားကစားကွင်း၌ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲနှင့် (အမျိုးသမီး)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် အသင်းများ၊ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသည့် အသင်းများ၊ မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဘော်လီဘောပြိုင်ပွဲများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိကျင်းပခဲ့ရာ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းနှင့် (အမျိုးသမီး) ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇန်နဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ရာ ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်၍ မီနီမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၄ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ဦးရေ ၁၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ရွှေပြည်သာအားကစားကွင်း၌ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများအဖြစ် ချောတိုင်တက်ပြိုင်ပွဲနှင့်လွန်ဆွဲပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ လာရောက်ကြသည့် မျိုးနွယ်စုများ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားကွင်း၊ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများ ကျင်းပ

**ကျွန်းစု ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးသန္တာဖြိုးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းကာကွယ်လိုစိတ်ရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြရန် မမေ့သင့်သော နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ကြောင်း အသိပညာပေးပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ပြီး လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

# အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်



**လှိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယမန်နေ့မွန်းလွဲပိုင်းက လှိုင်ကော်မြို့ မြို့လယ်ဓမ္မာရုံ၌ကျင်းပသည့် နယ်စပ်ရေးရာဝန်ကြီးဌာနက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာရာမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသောနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေသား၊ ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်အစိုးရအဖွဲ့မှ ယာယီနေရပ်စွန့်ခွာရာမှ လှိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ ဆား ပေးအပ်ရခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် နေအိမ် ၂၅၁ လုံး ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ် ၂၁၁ သန်းနှင့် သဘာဝဘေးကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူ ၁၆၆၁ ဦးနှင့် ယာယီနေရပ်စွန့်ခွာရာမှ လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူ ၃၃၄ ဦးအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားများကိုပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် တိုက်ပွဲဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံ ပြန်လည်ပြင်ဆင်ထားရှိမှု၊ လူထုအခြေပြုဗဟိုဌာန(Community Centre) အခန်းနှင့် သင်တန်းခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ လှိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ စုပေါင်းဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးထားသည့်အခြေအနေနှင့် ဝန်ထမ်းများနေရာချထားပေးမှုများတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ညနေပိုင်းတွင်ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧည့်သည်တော်များအား ဂါရဝပြုအထိမ်းအမှတ်ရိုးရာလက်ဆောင်များပေးအပ်သည်။





ညစာစားပွဲတွင် ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် တူရိယာအဖွဲ့များ၊ ကယား(၉)မျိုးအကအဖွဲ့၊ ကယန်းရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသူ၊ ပအိုဝ်းရိုးရာအကအဖွဲ့များက သက်ဆိုင်ရာတိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့် ကပြသီဆိုကြပြီး ခေတ်ပေါ်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေကြသည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၃၀ နှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ရာသီသီးနှံစံပြစိုက်ခင်း၌ ဆိုလာတပ်ဆင်၍ ၄ လက်မ စက်ရေတွင်းဖြင့် ရေကိုအလေအလွင့်မရှိ ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် စံပြစိုက်ခင်းတွင် စိုက်ပျိုးထားရှိမှု အခြေအနေများကိုကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ လျှပ်စစ်နှင့်စွမ်းအင်ဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဘီလူးချောင်း အမှတ်(၂) စက်ရုံမှူးက ဓာတ်အားပေးစက်ရုံလုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ မဟာဓာတ်အားလိုင်းမှူး(လှိုင်ကော်)က မဟာဓာတ်အားလိုင်းနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိက စက်သုံးဆီများဖြန့်ဖြူးရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၃°C | / | ၃၁°C |
| ရန်ကုန် | ၁၄°C | / | ၃၂°C |
| မန္တလေး | ၁၆°C | / | ၃၀°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## More than 3,000 acres of green gram harvested in Kyaukmyaung Sub-Township

KYAUKMYAUNG January 16

According to records from the Kyaukmyaung Township Agriculture Department, the harvest of green gram from 3,905 acres in the current monsoon cropping season has been completed in Kyaukmyaung Sub-Township, Shwebo District, Sagaing Region.

In the Kyaukmaung Sub-Township, a total of 3,905 acres of green gram were cultivated during this year's monsoon cropping season. Harvesting of the cultivated fields began in August, and as of today, all 3,905 acres have been harvested, yielding an average of 18.35 baskets per acre.

"This year, a total of 3,905 acres of green gram were cultivated during the monsoon planting season in the Kyaukmyaung Sub-Township. All of the cultivated green gram fields have now been fully harvested. Regarding green gram cultivation, there will be educational initiatives to encourage expanded cultivation, as well as guidance on using high-quality seeds to achieve better yields," said Daw Khin Win, head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Sub-Township Agriculture Department has conducted awareness-raising activities for green gram farmers to ensure: access to quality and pure seeds suitable for the region, correct farming techniques, prevention of pest infestations, systematic use of fertilizers, and improvement of crop yields. **SK**

## Labutta Township supplies 65,000 viss of tiger crabs to Yangon market

LABUTTA January 16

Daw Kyi Kyi Htay, a business-person in operating marine product trading centre in Labutta Township of Ayeyawady Region said that local business-persons have supplied 65,000 viss of tiger crabs to Yangon market.

Daw Kyi Kyi Htay commented: "We sell marine products to Yangon market as usual. Yangon is a focal point to distribute fishery products to other regions and states. In November, we sold 65,000 viss of tiger crabs. Prices of the crabs depend in size and quality. Now, demand from merchants of Yangon market is high to purchase marine products from Labutta Township."

Thanks to high demand and good prices of tiger crabs, local fishermen and those in production chains are convenient in their livelihoods.

**SMK**



## Khamti Township cultivates 750 acres of winter groundnuts



KAHAMTI January 16

A total of 750 acres of groundnut have been planted during this year's winter crops planting season in Khamti Township, Khamti District, Sagaing Region, according to statistics from the Department of Agriculture for Khamti Township.

During the 2024-2025 winter crops planting season, 750 acres of groundnuts are planned to be planted in Khamti Township, and since October this year, 750 acres have been planted.

"Groundnuts are growing successfully. As for oil crops, it is in a successful position. We don't plant peanuts in rainy season. We plant them in the winter," said Daw Su Su Khaing, head of the Department of Agriculture for Khamti Township.

In Khamti Township, when planting groundnuts, one acre is planted with half a basket of seeds, and it cost more than Ks-200,000 including the cost of seeds and labour, fertilizer and pesticide costs. If one acre is planted, it yields more than 50 baskets. **SK**

## White Sweet Potato from Shan State popular in the domestic market

TAUNGGYI January 16

According to traders from Taunggyi Township, Korean sweet potato (white sweet potato) has been popular recently in the domestic market and most orders are placed from Yangon Region.

Mainly grown in Hopong, it is a Korean species sweet potato and it is softer than yellow sweet potato and purple sweet potato.

"It is a Korean species. It is mainly grown in Hopong. In last year, the plantation of the Korean sweet potato wasn't much as large as yellow and purple sweet potatoes, and wasn't popular much. But the price is higher than yellow and purple sweet potatoes. Yangon is the top among our customers. Now it has been more popular in the market and the number of consumers has also risen," said Ma Sandi Tayar, a vegetables and fruits retail and wholesale distributor from Taunggyi Township.

Last November, local species sweet potatoes received orders from Tachilek, Myeik and Bago and compared to yellow sweet potato, purple sweet potato trade increased as it is mainly used in making snacks. **SMK**

## Kalay Towship grows over 2,000 acres of winter chickpeas

KALAY January 16

A total of 2,518 acres of chickpeas have been planted in this year winter crops planting season in Kalay Township, Kalay District, Sagaing Region, according to statistics from the Department of Agriculture for Kalay Township.

During the 2024-2025 winter planting season, 5,952 acres of chickpeas are planned to be planted in Kalay Township, and since October this year, 2,518 acres have been planted.

"We are working to reach the target acreage. The cultivation of chickpeas is improving year by year. We are cooperating with the farmers to provide good and pure seeds needed for the yield and quality of the bean and pulses, inputs and technology after the harvest time," said U Naing Tun Win, head of the Department of Agriculture for Kalay Township.

If one acre of chickpeas is grown, it will cost more than Ks-300,000.

Sagaing Region is the region that produces the largest number of bean and pulses in the country, and it is possible to grow multiple bean and pulses as the main crop as well as subsidiary crops.

**SMK**

# State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Myinmu Township cultivates over 19,000 acres of rain-fed sesame

MYINMU January 16

A total of 19,053 acres of rain-fed sesame were planted this year in the rainy season in Myinmu Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing District Department of Agriculture.

During the 2024-2025 rain crops planting season, 19,053 acres of sesame seeds were planted in Myinmu Township, and the sesame plantations have been harvested since August of this year, yielding 18 baskets per acre.

"The yield is good. We have been able to expand the acreage of sesame cultivation, have good yield, and have worked to cultivate with the GAP system," said Daw Thida Lwin, head of the Department of Agriculture for Sagaing District Department of Agriculture.

This year, the township Department of Agriculture has given knowledge to the farmers growing sesame in Myinmu Township to expand sesame cultivation, to use cultivation methods, to make cultivation with GAP methods, and to plant pure varieties with good yield.

**SK**

# Sagaing Township cultivates over 1,000 acres of winter butter beans

SAGAING January 16

A total of 1,605 acres of butter beans have been planted in Sagaing Township, Sagaing District, Sagaing Region during this year's winter crops planting season, according to statistics from the Department of Agriculture for Sagaing Township.

During the 2024-2025 winter crops planting season, 1,675 acres of butter beans are planned to be planted in Sagaing Township and 1,605 acres have been planted since October this year.

"Butter beans are planted more often in the winter than in the rainy season. The cultivation of butter beans is successful. Because the butter beans fetch a good price, the locals plant them," said U Myo Thant Aung, head of the Department of Agriculture for Sagaing Township.

In Sagaing Township, during this year's rain crops planting season, local farmers are exclusively planting butter beans, and some farmers are also planting butter beans to earn extra income.

This year in Sagaing Township, the Township Department of Agriculture is providing support to farmers who grow beans and pulses in improving crop yield, cultivating pure varieties and providing them with the necessary technologies. **SMK**

# More than 15,000 acres of monsoon paddy harvested in Wetlet Township

WETLET January 16

Wetlet Township Agriculture Department mentioned that farmers harvested 15,872 acres of monsoon paddy in Wetlet Township of Sagaing Region this year.

Local farmers could grow 138,394 acres of monsoon in Wetlet Township. They started harvesting of monsoon paddy in October. So far, they have reaped 15,872 acres of monsoon paddy, yielding 84.92 baskets per acre.

Daw Kyin San, Head of Wetlet Township Agriculture Department clarified: "This year, farmers have planted more than 130,000 acres of monsoon paddy in Wetlet Township. So far, they have harvested more than 15,000 acres of monsoon paddy. Our department provides necessary agricultural techniques for local farmers."

This year, officials of the Township Agriculture Department cooperate with local farmers in growing monsoon crops without difficulties.

Officials of the Township Agriculture Department raise farmer awareness to grow crops with agricultural techniques, prevent pests and minimize loss and waste of crops as well as keep harvested crops under shelter in time.

Officials of the department join hands with local farmers in selecting quality strains of crops, prevention of pests, weeding the crop plantation, removal of different strains of crops and systematic broadcasting of fertilizers.

**SK**

# India becomes fourth nation to achieve space landmark

NEW DELHI January 16

The Indian Space Research Organisation (ISRO) successfully completed the docking of SpaDeX satellites in space on Thursday, becoming the fourth country to achieve such a feat.

The achievement is seen as vital for the south Asian country's future missions, including the construction of its own space stations, and sending an Indian to the Moon.

"India docked its name in space history! Proud to witness this moment!" ISRO said in a post on X.

The Space Docking Experiment (SpaDeX) mission was launched on December 30. The primary objective, according to ISRO, was to develop and demonstrate the technology required for the rendezvous, docking, and undocking of two small spacecraft in a low-Earth circular orbit.

The historic moment occurred just days after the space agency's trial run on January 12, when it brought the two spacecraft within three meters of each other before safely moving them back to a secure distance, the agency said.

Prime Minister Narendra Modi, who closely monitors his country's space missions, congratulated ISRO on the success. "It is a significant stepping stone for India's ambitious space missions in the years to come," he said in a post on X.

ISRO described the SpaDeX mission as a "cost-effective technology demonstrator" that was crucial for advancing India's space ambitions. These include sending the first Indian astronaut to the Moon by 2040, retrieving a lunar sample, and developing and operating the country's own space station.


Screengrab from a video of ISRO SPADEX mission's SDX02 launch restraint release and docking ring extension.

Docking capability is crucial for the construction and operation of space stations, as it allows modules to be connected in orbit, facilitating the assembly of larger structures. It also enables the transfer of crew, supplies and equipment between modules or visiting spacecraft, thereby rendering a functional and sustainable space station.

**RT**

# 7 missing in shopping mall fire in Indonesia

JAKARTA January 16

Seven people reportedly went missing after a fire broke out on Wednesday evening in a shopping mall in the Indonesian city of Jakarta, police said on Thursday.

The incident occurred in Glodok Plaza at around 9:20 p.m. local time in the densely populated area of Tamansari sub-district. Many visitors were reportedly in the mall at the time of the fire.

The city's Fire Department has deployed over 40 fire engines and 200 firefighters to combat the fire at the shopping mall. As of Thursday afternoon, embers remain in one of the buildings, despite the extinguishing efforts having entered the cooling stage.

The city's police spokesperson, Ade Ary Syam Indradi, told local reporters that firefighters and police personnel are still at the location to investigate the main cause of the blaze.

**Xinhua**

# Blue Origin launches its first orbital rocket

LOS ANGELES January 16

The U.S. private space technology company Blue Origin launched its massive New Glenn rocket early Thursday on its first test flight.

The uncrewed mission is intended to carry Blue Origin's Blue Ring Pathfinder payload to orbit. The rocket lifted off from Cape Canaveral Space Force Station in the U.S. state of Florida at 2:03 a.m. Eastern Time (0703 GMT).

About three minutes after launch, Blue Origin confirmed the main engine cut-off and stage separation. Later, the company confirmed New Glenn's second stage and payload were in orbit.

The rocket's first stage failed to land on a platform located downrange in the Atlantic as planned.


Blue Origin launches its first orbital rocket.

The Blue Ring Pathfinder will remain onboard New Glenn's second stage for the duration of an expected six-hour mission.

Pathfinder is a payload that will test key technologies for Blue Origin's Blue Ring orbital transfer vehicle. During the mission, it will validate Blue Ring's communications capabilities from orbit to ground. The mission will also test its in-space telemetry, tracking and command hardware, and ground-based radiometric tracking that will be used on Blue Ring's future space vehicle, according to Blue Origin.

"This is our first flight, and we've prepared rigorously for it. But no amount of ground testing or mission simulations is a replacement for flying this rocket," Blue Origin said on the social media platform X.

"Our key objective today is to reach orbit safely. Anything beyond that is icing on the cake," said the company.

New Glenn stands more than 98 meters high and features a seven-meter payload fairing, enabling twice the volume of standard five-meter class commercial launch systems.

Its reusable first stage is designed for operating at least 25 missions and is powered by seven of Blue Origin's BE-4 engines, the most powerful liquid oxygen (LOX)/liquefied natural gas (LNG)-fueled oxygen-rich staged combustion engines ever flown, according to Blue Origin.

**Xinhua**

# Israel and Hamas agree to 42-day ceasefire, hostage and prisoner exchange planned

DOHA January 16

The parties to the conflict in the Palestinian Gaza Strip-Israel and the Hamas movement - have reached a 42-day ceasefire agreement in the first phase, mediated by Qatar, Egypt, and the United States.

As part of the agreement, 33 Israeli hostages, including military personnel and civilian women, will be released. The agreement will come into effect on January 19, Qatar's Prime Minister and Foreign Minister Mohammed bin Abdulrahman Al Thani announced at a press conference on Wednesday.

"Mediators from Qatar, Egypt, and the United States have successfully brokered a ceasefire agreement between the parties to the Gaza conflict. It will take effect on January 19. In the first phase, 33 Israeli hostages, including civilian and military women, will be freed. In exchange, Palestinian prisoners will be released from Israeli jails and detention centers," he said.

Qatar, Egypt and the United States will set up a joint team in Cairo to oversee the ceasefire in Gaza, he added.

Hamas has confirmed the conclusion of a ceasefire agreement on Gaza, describing it as a "turning point in the conflict" with Israel.

**Sputnik**

# Death toll from tainted alcohol rises to 30 in Istanbul, dozens in critical condition

ISTANBUL January 16

The death toll from bootleg alcohol in Istanbul has reached 30, local media reported on Thursday, sparking a crackdown on illicit production and sales.

The NTV reported that 30 people, including foreign nationals, died in the past 72 hours after consuming counterfeit alcohol, while 49 others remain hospitalized, 31 in critical condition.

The Istanbul Governor's Office announced raids at multiple sites, detaining six suspects linked to large-scale counterfeit alcohol distribution. Two were charged with intentional homicide and imprisoned, while legal proceedings continue for the others.

Authorities compared those involved in the counterfeit trade to "terrorists who kill people" and confirmed the seizure of 29 tonnes of illicit alcohol and the closure of 64 illegal businesses this year.

In a related move, the Turkish government tightened regulations on alcohol storage on Thursday, requiring official approval for storage facilities and banning shared or improperly located warehouses. The governorate reported 110 hospitalizations and 48 deaths in 2024 from tainted alcohol.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Have YOU been hit by flu? These cheap home remedies actually work, according to science

- **The medieval cold cures that may work better than Lemsip**

Reaching for the lozenges or Vicks could help if you've got the flu, but hot honey and lemon or even garlic and onions might be just as good.

Winter bugs have surged over the past few weeks leaving millions battling sniffles, coughs, temperatures and chills.

Sadly, the old adage is true: there's no cure for the common cold. Or flu, for that matter.

But there are some simple methods that will stop you from suffering the worst symptoms and help you feel perkier — and they don't involve taking medication or shelling out for expensive cough remedies.

Pharmacist Dr Leyla Hannbeck, explained that staying hydrated and drinking plenty of fluids is vital.

A hot sweet drink, such as a cup of honey with lemon or blackcurrant, is a simple way of relieving the symptoms of a sore throat.

'Having tea with honey and lemon and ginger is a great way to feel better,' she told MailOnline.

She added: 'Honey has anti-inflammatory properties, lemon contains vitamin C which supports the immune system and is effective particularly against respiratory viruses such as the flu virus and ginger has antioxidant and anti-inflammatory properties and can help with muscle pain in flu.'

Official NHS guidance says there's 'little evidence' vitamin C prevents colds or speeds up recovery.

But one review of the evidence supporting taking vitamin C to fight off colds, published in the American Journal of Lifestyle Medicine in 2016, ruled that data does 'show a decreased severity and duration of colds when vitamin C is consumed at doses at or above 200mg a day'.

Similarly, a bowel of chicken soup can be soothing for flu symptoms.

That's because a chicken soup is a source of healthy and easily digested calories and nutrients. Plus, it will help you stay hydrated.

'Chicken soup contains nutritious ingredients such as protein (in chicken), garlic and vegetables that help boost the immune system and help with the congestion. Also its warm and the steam helps too,' Dr Hannbeck said.

A 1998 study by the American College of Chest Physicians looked at the effect the comforting broth has on our immune cells.

It suggested chicken soup may contain a number of substances with medicinal properties, including an anti-inflammatory effect.

A chicken soup may also be made with garlic and onions, which are both sources of zinc — a vital mineral critical for the development of cells that form the immune system.

There is some suggestion that taking a zinc supplement could help your body fight off common colds.

One Cochrane Library review investigated previous data from eight trials involving more than 900 volunteers on whether zinc could alleviate cold symptoms.

Scientists found that taking small 10-40mg doses of zinc supplements over a few days might be helpful in reducing the duration of a cold.



However, supplements are not always necessary because the mineral is naturally found in red meat and dairy products and most people can get all the zinc they need from their diet alone.

Although taking supplements can help boost your zinc levels, the NHS recommends avoiding taking more than 25mg of zinc a day as too much can cause gastrointestinal issues and even weaken your immune system.

Adding garlic to food, including chicken soup, could cut the amount of time someone is sick.

One study by researchers in Sussex gave 146 healthy adults either a placebo or a daily garlic supplement for 12 weeks over winter.

The group given the placebo contracted 65 colds, resulting in 366 days of sickness – whereas those who had garlic supplements only contracted 24 colds, with 111 days of sickness between them.

Other nutrients found in chicken soup may also have medicinal properties.

One study conducted over the winters of 2016 and 2017 found taking a multivitamin containing vitamins A, D, C, E, B6, B12, folic acid, zinc, selenium, copper and iron can reduce the frequency and duration of a cold.



Gogol Mogol is another famous remedy for a sore throat that contains sugar, raw egg, honey, milk and unsalted butter.

Just like a hot lemon and ginger the eastern European beverage is thought to soothe the throat and make it feel less scratchy because the honey and the eggs coat the throat.

But there are no studies which measure the effectiveness of the drink.

Steam inhalation, which can help loosen mucus in the nose and sinuses, ease a sore throat and hoarseness, is a remedy recommended by Dr Hannbeck.

She added that a few drops of eucalyptus oil in the hot water can also be soothing to breathe in.

Professor Ron Eccles, an expert in biosciences at Cardiff University, and the former director of its Common Cold Centre, also previously told the MailOnline that hot steam or a warm sweet drink can help the symptoms of a cold or flu.

He once studied the effects of consuming a comforting hot drink on a stuffy nose.

The 2008 study found drinking hot blackcurrant cordial provides immediate relief from a runny nose, cough, sneezing, sore throat, chilliness and tiredness.

In contrast, a room temperature drink only relieved symptoms of a runny nose, cough and sneezing.

Professor Eccles said that any hot sweet drink should have the same effect.

He explained the steam in the hot drink can soften and break down mucus, making it easier to breathe. It also reduces the swelling of a sore throat, but experts aren't completely sure why.

A warm shower or steaming bath will likely have the same effects — relieving nasal congestion, a cough and sore throat, explained Professor Eccles.

In addition to these homemade treatments Dr Hannbeck recommended taking over the counter pain killers such as paracetamol or ibuprofen to help with muscle pain and fever.

These can be bought from a pharmacy but Dr Hannbeck urged those with an underlying condition or who are taking other medicines to speak with the pharmacist first.

Other treatments she suggested include saline nasal drops to help with blocked nose, ointments with eucalyptus or peppermint that can be used topically to soothe cough symptoms and congestion, and echinacea which is a herbal medicine that has anti-inflammatory and immune boosting effects.

**Mail Online**

# Space Science and Technology

## တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် လူသားစက်ရုပ်များ၏ ဂိမ်းကစားပွဲတော်ကျင်းပရန်စီစဉ်



တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ယခုနှစ်အတွင်း လူသားစက်ရုပ်များ၏ ဂိမ်းကစားပွဲတော်ကို ကျင်းပရန်စီစဉ်ထားကြောင်း မြို့တော်ဝန် ယင်ယောင်က ပြောသည်။

ပေကျင်းမြို့တော်အနေဖြင့် ယခု ၂၀၂၅ ခုနှစ်အတွင်း လူသားဆန်သည့်စက်ရုပ်များ၊ သက်ရှိ အဏုဇီဝရုပ်များနှင့် ဆဲလ်များကို အသုံးပြု၍ ကုန်ပစ္စည်းများထုတ်လုပ်သည့် အနာဂတ်လုပ်ငန်းကဏ္ဍများကို မြှင့်တင်ပေးမည်ဖြစ်ပြီး မြို့တော်အတွင်း၌ လူသားဆန်သည့် စက်ရုပ်များ၏ ဂိမ်းကစားပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၄ ရက်တွင်ကျင်းပသည့် ၁၆ ကြိမ်မြောက် မြို့တော်ကွန်ဂရက်လွှတ်တော် ဆွေးနွေးပွဲ၌ မြို့တော်ဝန် ယင်ယောင်က ပြောကြားခြင်းဖြစ်သည်။

သို့သော် အသေးစိတ်အချက်အလက်များကိုမူ ၎င်းက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

တရုတ်နိုင်ငံ၏လူသားဆန်သည့်စက်ရုပ်ထုတ်လုပ်မှုကဏ္ဍသည် မကြာမီနှစ်များအတွင်း ပိုမိုအောင်မြင်လာခဲ့ပြီး အဆိုပါစက်ရုပ်များထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ တရုတ်သတင်းအချက်အလက်နှင့်နည်းပညာသိပ္ပံက အစီရင်ခံစာတစ်စောင်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ထုတ်ပြန်ထားပြီးဖြစ်သည်။

N.A

## SpaDeX ဂြိုဟ်တုနှစ်စင်းကို အိန္ဒိယက အာကာသအတွင်းအောင်မြင်စွာချိတ်ဆက်

အိန္ဒိယအာကာသသုတေသနအဖွဲ့ (ISRO) သည် SDX01 (Chaser) နှင့် SDX02 (Target) ဟုအမည်ပေးထားသည့် ၎င်း၏ SpaDeX ဂြိုဟ်တုနှစ်စင်းကို ဇန်နဝါရီလ ၁၆ ရက်တွင် အာကာသအတွင်း အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့သည်။

ISRO သည် အာကာသအတွင်း ချိတ်ဆက်မှုကို လုပ်ဆောင်ရာတွင် အနည်းဆုံး နှစ်ကြိမ်တိုင်တိုင် နှောင့်နှေးကြန့်ကြာခဲ့ပြီးနောက် ယခုကဲ့သို့ အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ISRO အနေဖြင့် SpaDeX ဂြိုဟ်တုနှစ်စင်းကို အာကာသအတွင်း၌ တစ်စင်းတည်းဖြစ်အောင် ထိန်းချုပ်လည်ပတ်နိုင်ခဲ့သည့်အပြင် အဆိုပါဂြိုဟ်တုများအား ပြန်လည်ခွဲထွက်စေခြင်းနှင့် စွမ်းအင်လွှဲပြောင်းပေးခြင်းတို့ကို လာမည့်ရက်ပိုင်းအတွင်း ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အာကာသအဖွဲ့က ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ အာကာသအတွင်း ဂြိုဟ်တုများအား အောင်မြင်စွာချိတ်ဆက်နိုင်ခြင်းသည် အိန္ဒိယနိုင်ငံ၏ ရည်မှန်းချက်ကြီးမားလှသည့် အာကာသမစ်ရှင်များအတွက် ခြေလှမ်းကောင်းများဖြစ်ကြောင်း ဝန်ကြီးချုပ်နာရန်ဒရာမိုဒီက အာကာသချိတ်ဆက်မှုတွင်ပါဝင်ခဲ့သည့် သိပ္ပံပညာရှင်များအား ချီးကျူးပြောကြားခဲ့သည်။

ယခုအခါ အိန္ဒိယနိုင်ငံသည် ရုရှား၊ အမေရိကန်၊ တရုတ်နိုင်ငံတို့ပြီးနောက် အာကာသအတွင်း ဂြိုဟ်တုများချိတ်ဆက်နိုင်သည့် စတုတ္ထနိုင်ငံဖြစ်လာခဲ့ပြီဖြစ်သည်။

N.A

## ကမ္ဘာ့အမြန်ဆုံးခြေလေးချောင်းပါစက်ရုပ် သို့မဟုတ် Black Panther 2.0 စက်ရုပ်ခွေး

တရုတ်နည်းပညာအဖွဲ့တစ်ဖွဲ့သည် အကွာအဝေး ၁၀၀ မီတာကို အချိန်အားဖြင့် ၁၀ စက္ကန့်အတွင်း ပြေးနိုင်သည့် စက်ရုပ်ခွေးတစ်မျိုးအား ထုတ်ဖော်ပြသခဲ့သည်။

Black Panther 2.0 ဟုအမည်ပေးထားသည့် အဆိုပါစက်ရုပ်ခွေးသည် အလေးချိန် ၃၈ ကီလိုဂရမ်ရှိပြီး အမြင့်မှာ သုည ဒသမ ၆၃ မီတာရှိသည်။ အကွာအဝေး ၁၀၀ မီတာကို ၁၀ စက္ကန့်အတွင်းပြေးနိုင်သောကြောင့် ၎င်းစက်ရုပ်ခွေးအား ကမ္ဘာပေါ်တွင် အမြန်ဆုံးခြေလေးချောင်းပါစက်ရုပ်အဖြစ်တင်စားခံထားရကြောင်း Xinhua သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။


အဆိုပါစက်ရုပ်ခွေးကို ကျဲ့ကျန်းတက္ကသိုလ်လက်အောက်ရှိ လူသားဆန်သည့် စက်ရုပ်တီထွင်ဆန်းသစ်မှုဆိုင်ရာ အင်စတီကျူနှင့် ဟန်ကျို့ အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Mirror Me တို့က တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များသည် Black Panther 2.0 စက်ရုပ်ခွေးက တစ်စက္ကန့်လျှင် ၆ မီတာအကွာအဝေးသို့ ပြေးနိုင်ရန် လုပ်ဆောင်ရာတွင် စက်ရုပ်ခွေး၏ညို့သကျည်းများ အားကောင်းသန်စွမ်းစေရေးအတွက် ကာဗွန်ဖိုက်ဘာညို့သကျည်းများကို တီထွင်ထုတ်လုပ်ခဲ့ရပြီး စက်ရုပ်ခွေး၏ ကုပ်အားပိုမိုတိုးတက်လာစေရန်အတွက်လည်း အာဖရိကသစ်ကျုတ်၏ခြေသည်းကို အတုယူ၍ Running Shoes ဟုအမည်ပေးထားသည့် ကိရိယာကိုစက်ရုပ်ခွေး၌ တပ်ဆင်ပေးထားသည်။

N.A



## အင်္ဂါဂြိုဟ်မှ ကျောက်သားနှင့်မြေသားနမူနာများရရှိနိုင်ရေးအတွက် နာဆာက ထရမ့်၏ဆုံးဖြတ်ချက်ကိုစောင့်ဆိုင်း



နာဆာအဖွဲ့အနေဖြင့် အင်္ဂါဂြိုဟ်ပေါ်မှ ကျောက်သားနှင့် မြေသားနမူနာများ ရရှိနိုင်ရေးအတွက် မကြာမီ သမ္မတသစ်အဖြစ်တက်ရောက်လာမည့် ဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းလျက်ရှိသည်။

အင်္ဂါဂြိုဟ်ပေါ်မှ မြေသားနမူနာရရှိရေး အစီအစဉ်သည် ဒေါ်လာဘီလီယံပေါင်းများစွာတန်ဖိုးရှိသည့် စီမံကိန်းတစ်ရပ်ဖြစ်ပြီး ကုန်ကျစရိတ်မှာ ပြီးခဲ့သည့်နှစ်အတွင်း မှာပင် ဒေါ်လာ ၁၁ ဘီလီယံအထိမြင့်တက်လာကြောင်း နာဆာမှ စီမံခန့်ခွဲသူတစ်ဦးဖြစ်သည့် ဘီလ်နယ်ဆင်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကပြောသည်။

အင်္ဂါဂြိုဟ်ပေါ်မှ ကျောက်သားနှင့် မြေသားနမူနာများ ပြန်လည်သယ်ဆောင်လာနိုင်ရေးသည်သိပ္ပံပညာရှင်များအတွက် အဓိကဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ယင်းဂြိုဟ်ပေါ်သို့ လွှတ်တင်ခဲ့သည့် အာကာသယာဉ် Rover ၏ ရှာဖွေတွေ့ရှိမှုတွင် အားနည်းချက်နှင့် ကန့်သတ်ချက်များရှိနေခြင်းကြောင့် မကြာသေးမီက ရရှိသည့် နမူနာများကို လေ့လာခြင်းအားဖြင့် သိပ္ပံပညာရှင်များက အင်္ဂါဂြိုဟ်၏ ယခင်အကြောင်းအရာများအပါအဝင် ယင်းဂြိုဟ်ပေါ်၌ သက်ရှိများတည်ရှိခဲ့ခြင်းရှိ၊ မရှိကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကုန်ကျစရိတ်များပြားလှသည့် အဆိုပါစီမံကိန်းအား ထရမ့်အစိုးရအဖွဲ့ကသာ လာမည့်နှစ်အတွင်း အဆုံးအဖြတ်ပေးနိုင်ဖွယ်ရှိသည်။

N.A

# ယူကရိန်းတွင် တပ်ဖြန့်နိုင်ရေးပြင်ဆင်သည့်အနေဖြင့် ပြင်သစ်ကရင်း၏အထူးတပ်ဖွဲ့များကို စစ်ရေးလေ့ကျင့်ပေးဟုဆို



**မော်စကို၊ စစ်ရေး**

ပြင်သစ်နိုင်ငံသည် ယူကရိန်းတွင် တပ်ဖြန့်နိုင်ရေးပြင်ဆင်သည့်အနေဖြင့် ၎င်းတို့၏အထူးတပ်ဖွဲ့များကို စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်စေခဲ့ကြောင်း ထောက်လှမ်းရေးအွန်လိုင်းသတင်းဌာနတစ်ခုကဖော်ပြသည်။

ပြင်သစ်စစ်ဘက်သည် အဆိုပါစစ်ရေးလေ့ကျင့်မှုများကို ၂၀၂၄ ခုနှစ် ဆောင်းဦးရာသီကာလအတွင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုများတွင် ကြည်းတပ်အထူးတပ်ဖွဲ့ဌာနချုပ်မှ အထူးတပ်ဖွဲ့များ၊ ဒရုန်းတပ်ဖွဲ့များ၊ ဆိုက်ဘာတပ်ဖွဲ့များပါဝင်သည်။ စစ်ရေးလေ့ကျင့်မှုအတွင်း စစ်သည်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် စစ်လက်နက်ကိရိယာများအား စမ်းသပ်ခြင်းများကို တစ်ပတ်ကြာလုပ်ဆောင်ခဲ့ကြောင်း သတင်းဌာနက ဇန်နဝါရီလ ၁၅ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း အထူးတပ်ဖွဲ့ဝင် ၃၂၀၀ ခန့်ပါဝင်ပြီး ၎င်းစစ်သည်များသည် ယူကရိန်းနိုင်ငံအတွင်းသို့ စစ်ရေးအရကြားဝင်သည့် အခြေအနေမျိုး ဖန်တီးလေ့ကျင့်ခဲ့ကြောင်း သိရသည်။

အနောက်နိုင်ငံများသည် ယူကရိန်းနိုင်ငံ၏တိုက်ခိုက်ရေးစွမ်းရည် ကောင်းမွန်စေရန်အတွက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဟု အမည်တပ်ထားသည့်စစ်သည်၁၀၀၀၀၀ ခန့်ကို ယူကရိန်း၌ တပ်ဖြန့်နိုင်ဖွယ်ရှိကြောင်း ရုရှားပြည်ပထောက်လှမ်းရေးအဖွဲ့ (SVR) က ပြောကြားထားကြောင်းသိရသည်။

Ref: Sputnik

# အစ္စရေးနှင့်ဟားမက်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချမှတ်ခြင်းအပေါ် ကြိုဆိုဟု တရုတ်နှင့်အိန္ဒိယပြော

**ပေကျင်း၊ အပစ်အခတ်ရပ်စဲရေး**

အစ္စရေးနှင့်ပါလက်စတိုင်းမှ ဟားမက်အဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ချမှတ်နိုင်ခြင်းအပေါ် ကြိုဆိုကြောင်း တရုတ်နှင့်အိန္ဒိယနိုင်ငံတို့က ဇန်နဝါရီလ ၁၆ ရက်တွင် ထုတ်ပြန်သည်။

ယခုချမှတ်နိုင်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား ထိရောက်စွာဖော်ဆောင်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက်ကြားပြည့်စုံကျယ်ပြန့်သည့် အမြဲတမ်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ထပ်မံချမှတ်နိုင်မည်ဟု တရုတ်နိုင်ငံက မျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ကော့ကျာကွမ်က ဇန်နဝါရီလ ၁၆ ရက်တွင် ပြောကြားသည်။




အလားတူပင် ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့် အကျဉ်းသားအပြန်အလှန်လဲလှယ်ရေးသဘောတူညီချက် ထုတ်ပြန်နိုင်ခြင်းအပေါ် အိန္ဒိယနိုင်ငံက ကြိုဆိုကြောင်း၊ ယခုကဲ့သို့ သဘောတူညီချက်ချမှတ်နိုင်ခြင်းကြောင့် ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားသည့်အကူအညီများကို ဘေးကင်းစွာထောက်ပံ့ပေးနိုင်မည်ဟု အိန္ဒိယအစိုးရကမျှော်လင့်ကြောင်း၊ အိန္ဒိယအစိုးရအနေဖြင့် ဓားစာခံများအားပြန်လွှတ်ပေးရန်၊ နှစ်ဦးနှစ်ဖက်ကြား အပစ်အခတ်ရပ်စဲရန်နှင့် သံတမန်နည်းလမ်းအရတွေ့ဆုံဆွေးနွေးကြရန် အစဉ်အမြဲတိုက်တွန်းခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးနှင့် ဟားမက်တို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကာတာ၊ အမေရိကန်နှင့် အီဂျစ်နိုင်ငံတို့၏ ကြားဝင်ဖျန်ဖြေမှုဖြင့် ဇန်နဝါရီလ ၁၅ ရက်တွင် ချမှတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းသဘောတူညီချက်သည် ဇန်နဝါရီလ ၁၉ ရက်မှစတင်အသက်ဝင်လာမည်ဖြစ်သည်။

သဘောတူညီချက်အရ အစ္စရေးအနေဖြင့် ၎င်းတို့၏တပ်များကို လူနေထူထပ်သည့်ဒေသများမှ ဂါဇာဒေသ၏ဆင်ခြေဖုံးသို့ ဆုတ်ခွာမည်ဖြစ်ပြီး ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများတင်ဆောင်ထားသည့်ကုန်တင်ယာဉ်အစီးပေါင်း ၆၀၀ ခန့်ကို နေ့စဉ်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

### ဂျကာတာမြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၇ ဦးပျောက်ဆုံး

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ၇ ဦးပျောက်ဆုံးလျက်ရှိကြောင်း မြို့တော်ရဲတပ်ဖွဲ့က ဇန်နဝါရီလ ၁၆ ရက်တွင် ထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှုသည် တာမန်ဆာရီခရိုင်ခွဲရှိဂလိုဒေါ့ပလာဇာတွင် ဇန်နဝါရီလ ၁၅ရက်ဒေသစံတော်ချိန်ည၉နာရီ၂၀မိနစ်ခန့်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် ဈေးဝယ်စင်တာအတွင်း၌ ဈေးဝယ်သူအမြောက်အမြား ရှိနေခဲ့ကြောင်းသိရသည်။

ယင်းနောက်တွင် မြို့တော်မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ရန်အတွက် မီးသတ်ကားအစီး ၄၀ နှင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ကျော်ကို အခင်းဖြစ်ပွားရာသို့ပို့ဆောင်ပေးခဲ့သည်။ မီးလောင်ကျွမ်းခဲ့သည့် အခန်းတစ်ခုတွင် ဇန်နဝါရီလ ၁၆ ရက်မွန်းလွဲပိုင်းအထိ မီးခဲများရှိနေသေးကြောင်းနှင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

Ref: Xinhua

### ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မိုးသက်မုန်တိုင်းများဝင်ရောက်တိုက်ခတ်

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်ရှိ ဆစ်ဒနီမြို့တွင် မိုးသက်မုန်တိုင်းများဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ် ၁၀၀၀၀၀ ကျော်တွင် လျှပ်စစ်မီးများပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

မိုးသက်မုန်တိုင်းများသည်နယူးဆောက်ဝေးပြည်နယ်အတွင်းသို့ ဇန်နဝါရီလ ၁၅ ရက်ညနေပိုင်းနှင့်ဇန်နဝါရီလ ၁၆ရက်နံနက်ပိုင်းတို့တွင် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်အတွင်း အပျက်အစီးများစွာဖြစ်ပေါ်စေခဲ့သည်။

မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးကြုံတွေ့ခဲ့ရသည့်ဒေသများမှာ ဆစ်ဒနီမြို့မြောက်ပိုင်း၊ အနောက်တောင်ပိုင်း၊ မြို့အတွင်းပိုင်းဒေသများနှင့် နယူးကာဆယ်ကမ်းရိုးတန်းဒေသများဖြစ်ကြောင်းသိရသည်။

မိုးသက်မုန်တိုင်းများသည် ဆစ်ဒနီမြို့နှင့် အနီးတစ်ဝိုက်ဒေသများသို့ ထပ်မံဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

Ref: Xinhua

### ဂျပန်နိုင်ငံတွင် တိုက်ခန်းတစ်ခု၌မီးလောင်ကျွမ်းမှုဖြစ်ပွား၊ လူ ၃ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာရ

ဂျပန်နိုင်ငံ ကာဝါဆာကီမြို့တွင် ဇန်နဝါရီလ ၁၆ ရက်အစောပိုင်းက လူနေတိုက်ခန်းတစ်ခု၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၃ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုသည် ကာဝါဆာကီမြို့ရှိ နှစ်ထပ်လူနေတိုက်ခန်းတစ်ခု၌ ဒေသစံတော်ချိန်နံနက်၄နာရီ၂၀မိနစ်ခန့်က ဖြစ်ပွားခြင်းဖြစ်ပြီးနောက်ပိုင်းတွင် မီးမှာ အခြားအဆောက်အအုံတစ်ခုသို့ ပျံ့နှံ့သွားရာ အဆောက်အအုံနှစ်ခုစလုံးမှာ လုံးဝမီးလောင်ပျက်စီးသွားသည်။

သေဆုံးသူများမှာ အသက် ၇၀ ကျော်နှင့် အသက် ၈၀ ကျော်အရွယ် သက်ကြီးရွယ်အိုများဖြစ်ပြီး အခြား ၄ ဦးမှာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် နေရာသည် လူနေထူထပ်သည့်လူနေရပ်ကွက်တွင်ဖြစ်ရာ မီးလောင်ကျွမ်းမှုစတင်ရသည့်အကြောင်းရင်းကို အာဏာပိုင်များက စစ်ဆေးလျက်ရှိသည်။

Ref: Xinhua

# ဘင်္ဂလားဒေ့ရှ်တွင် HMPV ဗိုင်းရပ်ပိုးကြောင့် ပထမဆုံးအကြိမ်လူသေဆုံးမှုဖြစ်ပွား


**ဒါကာ၊ ကျန်းမာရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် HMPV ဗိုင်းရပ်ပိုးကြောင့် ပထမဆုံးအကြိမ် လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်အဖွဲ့က ဇန်နဝါရီလ ၁၆ ရက်တွင် ထုတ်ပြန်သည်။

သေဆုံးသူမှာ ဆန်ဂျီဒါ အက်တာအမည်ရှိအမျိုးသမီးတစ်ဦးဖြစ်ပြီး ၎င်းသည် ဒါကာမြို့ရှိကူးစက်ဆေးရုံတွင် ဇန်နဝါရီလ ၁၅ ရက် ဒေသစံတော်ချိန် ည ၆ နာရီတွင် သေဆုံးခြင်းဖြစ်သည်။ ၎င်းအမျိုးသမီးသည် ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းမှစ၍ ဆေးကုသမှုခံယူနေသူဖြစ်သည်။ ထို့ပြင် သေဆုံးသူအမျိုးသမီးသည် အဝလွန်ခြင်း၊ ကျောက်ကပ်နှင့် အဆုတ်ဝေဒနာများကိုပါ ခံစားနေရသူဖြစ်ကြောင်း ဆေးရုံမှ အတိုင်ပင်ခံပါရဂူတစ်ဦးဖြစ်သူ အာရီဖူ ဘာရှာက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုရာသီအတွင်း ပထမဆုံးအကြိမ်အဖြစ် HMPV ဗိုင်းရပ်ပိုးကူးစက်မှုဖြစ်ပွားပြီး ရက်ပိုင်းအကြာတွင် လူသေဆုံးမှုဖြစ်ပွားခြင်းဖြစ်သည်။ HMPV ဗိုင်းရပ်ပိုးသည် တုပ်ကွေးအအေးမိသကဲ့သို့ လက္ခဏာများကိုဖြစ်ပေါ်စေပြီး အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည့် ရောဂါပိုးဖြစ်ကြောင်းသိရသည်။

Ref: Xinhua



# လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များပြန့်ပွားအောင် ဆောင်ရွက်နေပြီး လူငယ်များအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များအနေဖြင့် အားလပ်ချိန်များတွင် ကျန်းမာရေးအတွက် အားကစားပြုလုပ်ခြင်းနှင့် စာဖတ်ခြင်းတို့သည် ကျန်းမာရေးနှင့် အသိပညာ၊ ဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး စာရေးဆရာမသက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "လူငယ်နှင့်ကိုယ်ကျင့်တရား" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စာရေးဆရာမသက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ထို့နောက် လူငယ်ရေးရာ ဉာဏ်စမ်းပဟေဠိမေးမြန်းဖြေကြားသည့် အစီအစဉ်ကိုဆောင်ရွက်ကြပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခပေါင်းဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေပေးဝေနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်း ခပေါင်းဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းတွင် စိုက်ပျိုးရေပေးဝေ၍ စိုက်ပျိုးလျက်ရှိသည့် အခြေအနေနှင့် ရေပေးဝေနိုင်ရေးစီမံထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက နွေစပါး၊ နွေသီးနှံရာသီတွင် လျာထားဧကများပြည့်မီပြီး အောင်မြင်ဖြစ်ထွန်းသည်အထိ စိုက်ပျိုးရေအလုံအလောက်ရရှိရေး၊ သီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ခပေါင်းဆည်ရေသောက်စနစ် နွေစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့်အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော အသက်ရက် ၃၀ ရှိ ဆီထွက်သီးနှံနေကြာစုပါဆန်း(၄၁) ၁၆ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ပန်းတိုင်အထွက်ရရှိရေးနှင့် နေကြာအစေ့အဆန်ပြည့်ဝအောင်မြင်ရေးအတွက် အထောက်အကူပြုစေသည့် ပျားမွေးမြူရေးပျားပုံးများကို လိုအပ်သည့်အချိန်တွင် ချထားနိုင်ရေးပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန တည်ဆောက်ရေး(၉) အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီးဦးစီးမှူးများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးအတွက်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ဆပ်ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို အလေးအနက်ထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီ၏အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကိစ္စများကို လစ်ဟာမှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်မည့်ယာဉ်များ၏ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းမှုရှိစေရေးတို့ကို ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသည့် ဆက်စပ်ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တော်သန့်ရှင်းစည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက်သို့သွားရောက်၍ အမှတ်- ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀ နှင့် ၄၁ ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ငမိုးရိပ်ချောင်းသို့စီးဝင်သော အဓိကရေနုတ်မြောင်းဖြစ်သည့် ပြည်လုံးမွှေးလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ထားရှိမှုနှင့် Pump House Station တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာသို့ သွားရောက်၍ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြေဧရိယာ ၁၈၇ ဒသမ ၃ ဧက ကျယ်ဝန်းသည့် သရက်ပင်ချောင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ(Final Disposal Site – FDS) တည်ဆောက်ရေး စီမံကိန်းဝင်းအတွင်း အမှိုက်များစုပုံနိုင်ရေးအတွက် အမှိုက်ကန်ဧရိယာတိုးချဲ့တည်ဆောက်နေမှု၊ အမှိုက်သိမ်းယာဉ်များ ကတ္တားချိန်ရန် (Truck Scale) ဆောင်ရွက်နေမှု၊ အမှိုက်သိမ်းယာဉ်များစက်သုံးဆီဖြည့်ရန် ဆီပန့်အဆောက်အအုံနှင့် စက်သုံးဆီသိုလှောင်ကန်တည်ဆောက်နေမှု၊ ရေစုကန်နှင့် ရေထိန်းတံခါးတည်ဆောက်ထားရှိမှုနှင့် နှစ်ထပ်ရုံးခန်းအဆောက်အအုံ တည်ဆောက်နေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ရှိ သင်တန်းသားများအလုပ်အကိုင်အခွင့်အလမ်းရရှိရေး မိတ်ဆက်ဟောပြော

မကွေး ဇန်နဝါရီ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အောင်လက်မှတ်ရ သင်တန်းသားများအား အလုပ်အကိုင်အခွင့်အလမ်းရရှိရေး မိတ်ဆက်ဟောပြောပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ သင်တန်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာစိုးက အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါ်စန္ဒာထွန်းက သင်ကြားမှုနှင့်တတ်မြောက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားတစ်ဦးက သင်ကြားတတ်မြောက်မှုအခြေအနေအပေါ် ရှင်းလင်းဆွေးနွေးပြီး ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းများက အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဆန်းဦး**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၄ ရက်**တွင် ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **ဇန်နဝါရီလ ၁၅ ရက်**တွင် မင်းတုန်းမြို့၊ ပုသိမ်-မုံရွာကားလမ်းအနီး၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ (၂၀)ဂါလန်၊ ဒီဇယ်ဆီ(၂၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၀၀၀)နှင့် အဆိုပါ စက်သုံးဆီများတင်ဆောင်လာသည့် မော်တော်ဆိုင်ကယ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၆၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၁၄ ရက်နှင့် ၁၅ ရက်**တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၄၀၆၀၁၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၆၅၀၅၄၂၅)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၉၁၁၄၃၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၁၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၆)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(၁၅ ဒသမ ၃၇၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၆၆၅၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၃၁၆၆၅၄)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Renault Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန် - မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး၊ လူသုံးကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၃၁၅၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီးနှင့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်း၌မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၅၉၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၆၉၀၇၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၅ ရက်**တွင် ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၀၀၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၁၆ ရက်**တွင် မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ (၅)လမ်း၊ ရေပူကျေးရွာ၊ မွေးမြူရေးဇုန်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၈၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၉၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၉၇၅၄၈၂၉)**ကို ဖမ်းဆီးရမိခဲ့ပါသည်၊ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းရရှိသည်။


တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး
ဦးဆောင်ကော်မတီ

# ဒီးမော့ဆိုမြို့၊ အရှေ့ခြမ်းကို လေကြောင်းဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ ၃ ဦးသေဆုံးပြီး ၄ ဦးဒဏ်ရာရရှိကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဇန်နဝါရီ ၁၆

ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့၊ အရှေ့ခြမ်းကို လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ ၃ ဦးသေဆုံးပြီး ၄ ဦး ဒဏ်ရာရရှိကြောင်း မဟုတ်မမှန် သတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များအား စုံစမ်းမေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ အကြမ်းဖက်မှုပပျောက်စေရေးအတွက် အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းနေထိုင်လျက်ရှိသည့်နေရာများကို နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား မီးရှို့ဖျက်ဆီးခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများအသိပင်ဖြစ်ကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်မှား၊ အမြင်မှားဖြစ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် သတင်းအမှားများကိုလုပ်ကြံရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Lady Swe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်နေ ဆွေဆွေသက်အား ညနေ ၃ နာရီ ၄၀ မိနစ်တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၆ ရက်မှ ၁၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၅ ဒသမ ၁၆၅၂)တန်၊ သစ်မာ (၄ ဒသမ ၀၉၃၄)တန်၊ အခြား (၄၃ ဒသမ ၀၈၀၀)တန်၊ စုစုပေါင်း (၆၂ ဒသမ ၃၃၈၆) တန်၊ ယာဉ်/ယန္တရား (၁၀)စီး၊ တရားခံ (၂၅)ဦး** ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၃)ကြိမ်မြောက်မျက်နှာစုံညီအစည်းအဝေးကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၃)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်နုမြဇံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တဦးပညိန္ဒနှင့် အဖွဲ့ဝင် ပညာရှင်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မြန်မာပြက္ခဒိန်သည် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူကြသည့် ရဟန်း၊ သံဃာတော်များအတွက် ဝိနည်းတော်နှင့်အညီ ဝါဆို၊ ဝါကပ်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အရေးပါသည့် သတ်မှတ်ချက်တစ်ခုဖြစ်ကြောင်း၊ မြန်မာ-အင်္ဂလိပ်-ရခိုင် မူမှန်ပြက္ခဒိန်ရေးဆွဲရေးနှင့် မဟာသင်္ကြန်စာရေးသားပြုစုရေးတို့ကို ပညာရှင်ကြီးများ အနေဖြင့် နှစ်စဉ်ဆောင်ရွက်ကြသည့်အတိုင်း ဝိုင်းဝန်းကြိုးပမ်းပြုစုရေးဆွဲနိုင်ရေး ပန်ကြားလျှောက်ထားသည်။

ထို့နောက်မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တဦးပညိန္ဒက အဖွင့်အမှာစကား မိန့်ကြားတော်မူပြီး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးညွန့်ဝင်းက (၇၃)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့်စပ်လျဉ်း၍ လျှောက်ထားရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပြက္ခဒိန် အကြံပေးအဖွဲ့ အဖွဲ့ဝင်ဆရာကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဥက္ကဋ္ဌဆရာတော်က လိုအပ်သည်များကို ပြန်လည်မိန့်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှိုင်ကော်မြို့ရှိ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



ထို့နောက် ကယားပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နှစ်ခန်းတွဲ၊ သုံးထပ် အာစီဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုနှင့် ဆောင်ရွက်ပြီးစီးခဲ့သည့် နဒီရုံးပတ်လမ်းကတ္တရာထပ်ပိုးလွှာခင်းနေမှုကိုလည်းကောင်း၊ ညနေပိုင်းတွင် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ MSME အသေးစားစက်မှုလက်မှု ထုတ်ကုန်များပြခန်းကို လည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




**ပျောက်ဆုံးကြောင်း**
အောင်မျိုးမြတ်(ဘ)ဦးအေးမောင်မောင် ၅/ရဘန(နိုင်)၂၀၂၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၂၅၃၃၀၀

**ပျောက်ဆုံးကြောင်း**
ဆက်လင်းထွန်း(ဘ)ဦးကိုကိုလွင် ၁၂/ဥကမ(နိုင်)၂၈၆၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 028096)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဒေါ်လှမြင့်(ဘ)ဦးဘရှင် ၁၂/ကတတ(နိုင်)၀၀၄၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 286451)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၀၈၁၁၁၈

**ပျောက်ဆုံးကြောင်း**
ချိုချိုသန်း(ဘ)ဦးနှရ်မဟာမတ်(ခ)စောလှဖြူ ၁၂/ဒဂတ(နိုင်)၁၂၉၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 979698)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၈၈၇၃၂၂၂

**ပျောက်ဆုံးကြောင်း**
ခိုင်ခိုင်ထွေး(ဘ)ဦးစောလွင် ၉/အမရ(နိုင်)၀၀၂၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
နန့်အိဖြူဖွေး(ဘ)ဦးခွေးဖြူ ၁၄/ပပတ(နိုင်)၁၇၇၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၆၀၉၀၄၂

**ပျောက်ဆုံးကြောင်း**
စောအောင်ကျော်ထွန်း(ဘ)ဦးကြိမ်ထွေး ၃/လဘန(နိုင်)၂၀၃၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 399619)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သဲနုဝါ(ဘ)ဦးမျိုးအောင် ၁၂/ကခက(နိုင်)၁၀၅၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၀၄၅၇၆

**ပျောက်ဆုံးကြောင်း**
ထင်ကျော်လင်း(ဘ)ဦးကျော်စွာဝင်း ၈/ပခက(နိုင်)၃၆၇၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဦးပိုင်စိုးသူ(ဘ)ဦးနိုင်ဝင်း ၁၄/ဒဒရ(နိုင်)၂၂၄၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ဦး(ဘ)ဦးလှမောင် ၁၂/ရကန(နိုင်)၀၂၃၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(175127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၆၄၅၃၉၁

**ပျောက်ဆုံးကြောင်း**
စုယမင်းထိုက်(ဘ)ဦးကျော်မင်းထိုက် ၁၂/သကတ(နိုင်)၂၀၃၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ပြည့်စုံကျော်(ဘ)ဦးအေးဝင်း ၁၂/မရက(နိုင်)၁၆၃၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ဇေယနိုင်(ဘ)ဦးသိန်းနိုင် ၁၂/မဂတ(နိုင်)၀၈၁၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 685450)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၅၄၀၃၄၉

**ပျောက်ဆုံးကြောင်း**
မနှင်းနှင်းအေး(ဘ)ဦးညီလှိုင် ၉/ပဘန(နိုင်)၂၇၈၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ခင်မိုးအေး(ဘ)ဦးမြသောင်း ၁၄/မမန(နိုင်)၁၃၈၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၇၃၉၉၀၈

**ပျောက်ဆုံးကြောင်း**
မဟာန်နီစိုး(ဘ)ဦးဆင်းယုန် ၁၃/လရန(နိုင်)၂၄၆၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မိမိကျော်(ဘ)ဦးကျော်ဝင်း ၁၄/ဟသတ(နိုင်)၂၂၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်ပြည့်ဟိန်း(ဘ)ဦးအောင်သော္ ၉/ကပတ(နိုင်)၃၃၁၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဦးမောင်မင်း(ဘ)ဦးကံငွေး ၈/မကန(နိုင်)၂၇၈၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 657391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ယမုံကျော်အောင်(ဘ)ဦးကျော်အောင် ၉/မထလ(နိုင်)၃၁၇၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မျိုးလင်းအောင်(ဘ)ဦးအောင်မောင်လေး ၉/ရမသ(နိုင်)၁၉၀၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်ဇော်(ဘ)ဦးတင်အောင် ၁၂/တမန(နိုင်)၁၀၄၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၀၆၉၉၇၇၈

**မိခင်အမည်မှန်**
ပဲခူးမြို့နယ်၊ အလက(ပေါက်တော)(ဧ)၊ Grade-9 မှ မယုဝါလှိုင်၏မိခင်အမည်မှန်မှာ ဒေါ်ရွှေဝါလေးဖြစ်ပါကြောင်း။
ဒေါ်ရွှေဝါလေး

**အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဦးဝင်းမျိုး-ဒေါ်မိမိငယ်တို့၏ ဒုတိယမြောက်သမီးဖြစ်သူ မမျိုးသံသာငယ်၏ အမည်မှန်မှာ မမျိုးသံသာခိုင်ဖြစ်ပါကြောင်း။
မမျိုးသံသာခိုင်

**ပျောက်ဆုံးကြောင်း**
သန်းနိုင်စိုး(ဘ)ကျော်သန်း ၉/ကပတ(နိုင်)၁၉၃၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၁၁၇၇၇၄၀

**ပျောက်ဆုံးကြောင်း**
ဒေါ်အုန်းကျင်(ဘ)ဦးဘရင် ၁၂/မဂတ(နိုင်)၀၃၂၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စန်းသီတာပြုံး(ဘ)ဦးအောင်ငွေး ၈/နမန(နိုင်)၂၆၂၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်ထွေးရီ(ဘ)ဦးခင်မောင်သောင်း ၁၂/မဘန(နိုင်)၁၇၈၅၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 780848)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဒေါ်ချစ်မြ(ဘ)ဦးတင် ၁၂/သကတ(နိုင်)၁၃၅၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဦးတင်နွယ်ဦး(ဘ)ဦးတင်နွယ် ၁၂/သကတ(နိုင်)၁၃၂၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကြူကြူလင်း(ဘ)ဦးကြွားယုံ ၉/မဟမ(နိုင်)၀၈၅၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 916911)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မန်စီးတီးအသင်းက ဖရန့်ဖက်အသင်းမှ အိုမာမာမွတ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့




မန်ချက်စတာ ဇန်နဝါရီ ၁၆

မန်စီးတီးအသင်းက တိုက်စစ်ပိုင်းအင်အားဖြည့်တင်းရန် ဖရန့်ဖက်အသင်းမှ တိုက်စစ်ကစားသမား အိုမာမာမွတ်ကို မြင့်မားသည့်ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သည့် ယူရို သန်း ၈၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် အိုမာမာမွတ်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဝုဖ်ဘတ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဖရန့်ဖက်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၁ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၁၇ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

အလားတူ ယခုဘောလုံးရာသီတွင်လည်း အိုမာမာမွတ်သည် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြလျက်ရှိပြီး ပြိုင်ပွဲစုံ ၂၆ ပွဲကစားပြီးချိန်တွင် ၁၉ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြလျက်ရှိပြီး ဖရန့်ဖက်အသင်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဆင့်(၃)နေရာ၌ ရပ်တည်ရာတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြလျက်ရှိသည်။

အိုမာမာမွတ်ကိုခေါ်ယူရန် တခြားထိပ်တန်းအသင်းကြီးများကလည်း စောင့်ကြည့်လျက်ရှိနေသည့်အတွက် မန်စီးတီးအသင်းက လက်ဦးမှုရယူနိုင်ရန် မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုဘောလုံးရာသီ၌ တိုက်စစ်ပိုင်းတွင် ဟာလန်းအနေဖြင့် ဂိုးသွင်းအားကျဆင်းနေသကဲ့သို့ နောက်ထပ်အားထားနေရသည့် ဖိုဒန်သည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီကထက် ဂိုးသွင်းအား သိသိသာသာကျဆင်းနေသောကြောင့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် လိုအပ်ချက်များရှိနေသည့် အသင်းတိုက်စစ်ပိုင်းအတွက် အိုမာမာမွတ်ကို ခေါ်ယူအင်အားဖြည့်တင်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အိုမာမာမွတ်အတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၇၀ အပြင် အပိုဆုကြေးအဖြစ် ယူရို ၁၀ သန်း ထပ်မံပေးချေရမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည့်အပြင် တစ်နှစ်သက်တမ်းတိုးခွင့်အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့ကြောင်း သိရသည်။

*Ref;Topskill Sport UK*

# ချယ်လ်ဆီးအသင်းက အငှားစာချုပ်ဖြင့်စေလွှတ်ထားသည့် ချာလိုဘတ်ကို အသင်းထံပြန်လည်ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၁၆

ချယ်လ်ဆီးအသင်းက ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ခရစ္စတယ်ပဲလေ့စ်အသင်းထံ အငှားစာချုပ်ဖြင့် စေလွှတ်ထားသည့် ခံစစ်ကစားသမား ချာလိုဘတ်ကို အသင်းထံပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ချာလိုဘတ်ကို ခရစ္စတယ်ပဲလေ့စ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် စေလွှတ်ထားခြင်းဖြစ်သော်လည်း စာချုပ်ပါအချက်အလက်များအရ ချယ်လ်ဆီးအသင်းမှ ပြန်လည်ခေါ်ယူလိုပါက ချက်ချင်းပြန်လည်ခေါ်ယူနိုင်မည်ဟူသည့်အချက် ထည့်သွင်းချုပ်ဆိုထားသည့်အတွက် ချယ်လ်ဆီးအသင်းက အသင်းခံစစ်ပိုင်းလိုအပ်ချက်အတွက် ချာလိုဘတ်ကို လက်ရှိဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အစောပိုင်းရလဒ်များဆက်တိုက်ကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အသင်းခံစစ်ပိုင်းအနေဖြင့် သိသိသာသာလိုအပ်ချက်များရှိနေပြီး ရှုန်းကန်နေရသည့်အတွက် ချာလိုဘတ်ကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romaon*

# ယခုဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရှုံးပွဲမရှိသေးသည့်အသင်းများအဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ပီအက်စ်ဗွီအသင်းတို့ ရပ်တည်နေ

ရောမ ဇန်နဝါရီ ၁၆

ယခုဘောလုံးရာသီ ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ စပိန်လာလီဂါပြိုင်ပွဲ၊ အီတလီစီးရီးအေပြိုင်ပွဲ၊ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲနှင့် ပြင်သစ်လီဂူးပြိုင်ပွဲတို့တွင် ရာသီဝက်ကာလကျော်လွန်ချိန်အထိ ရှုံးပွဲမရှိသေးသည့်အသင်းများအဖြစ် ဂျူဗင်တပ်စ်အသင်းနှင့် ပီအက်စ်ဗွီအသင်းတို့က ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခုဘောလုံးရာသီ၌ ရာသီဝက်ကာလကျော်လွန်ချိန်တွင် ထိပ်တန်းလိဂ်ငါးခု၌ ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ စပိန်လာလီဂါပြိုင်ပွဲနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ရှုံးပွဲမရှိသေးသည့်အသင်းမရှိဘဲ အီတလီစီးရီးအေပြိုင်ပွဲမှ ဂျူဗင်တပ်စ်အသင်းနှင့် ပြင်သစ်လီဂူးပြိုင်ပွဲမှ ပီအက်စ်ဗွီအသင်းတို့အနေဖြင့် ရှုံးပွဲမရှိသေးသည့်အသင်းများအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ပြင်သစ်လီဂူးပြိုင်ပွဲ၌ ပီအက်စ်ဗွီအသင်းသည် ၁၇ ပွဲကစားပြီးချိန်တွင် ၁၃ ပွဲအနိုင်ရရှိကာ လေးပွဲသရေရလဒ်နှင့်ရှုံးပွဲမရှိသေးဘဲ ရမှတ် ၄၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။

အလားတူ အီတလီစီးရီးအေပြိုင်ပွဲမှ ဂျူဗင်တပ်စ်အသင်းအနေဖြင့် လက်ရှိအချိန်ထိ ရှုံးပွဲမရှိသေးသော်လည်း ပွဲ ၂၀ ကစားပြီးချိန်တွင် ခုနစ်ပွဲသာအနိုင်ရရှိခဲ့ပြီး ၁၃ ပွဲအထိသရေရလဒ်ထွက်ပေါ်ထားကာ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၃၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၅) နေရာ၌ရပ်တည်လျက်ရှိပြီး ရှုံးပွဲမရှိသေးသော်လည်း စွမ်းဆောင်ရည်ကောင်းများမပြနိုင်ဘဲ ရုန်းကန်နေရခြင်းဖြစ်သည်။

ဥရောပထိပ်တန်းလိဂ်ငါးခုတွင် ရာသီဝက်ကျော်လွန်ချိန် တစ်ပွဲသာရှုံးနိမ့်သေးသည့်အသင်းများအဖြစ် အင်တာမီလန်အသင်း၊ အက်သလက်တီကိုအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ လေဗာကူဆင်အသင်းနှင့် လီဗာပူးအသင်းတို့က ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# အီတလီစီးရီးအေသမိုင်းတစ်လျှောက် ခံစစ်ကစားသမားများတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဟာနန်ဒက်စ် စံချိန်သစ်တင်

မီလန် ဇန်နဝါရီ ၁၆

အေစီမီလန်အသင်း ခံစစ်ကစားသမား ဟာနန်ဒက်စ်သည် အီတလီစီးရီးအေပွဲစဉ်အဖြစ်ကစားသည့် အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက် ခံစစ်ကစားသမားများတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ဂန္ထဝင်ကစားသမား မာဒီနီကို ကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်းက ကိုမိုအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန် ၇၁ မိနစ်တွင် အသင်းအတွက် ချေပဂိုးသွင်းယူပေးနိုင်ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဟာနန်ဒက်စ်မတိုင်မီက အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက် ခံစစ်ကစားသမားများတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် အေစီမီလန်အသင်း ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် မာဒီနီက သွင်းဂိုး ၂၉ ဂိုးဖြင့်ရပ်တည်နေခြင်းကို ယခုအခါ ဟာနန်ဒက်စ်က ကိုမိုအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲတွင် သွင်းဂိုး ၃၀ အထိ ရှိလာပြီးနောက် မာဒီနီကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်အရွယ် ဟာနန်ဒက်စ်သည် ၂၀၁၉ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အသင်းနှင့် ပြိုင်ပွဲစုံ ၃၂ ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*



## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## သီလဝါဘက်စုံသုံးကုန်သေတ္တာဆိပ်ကမ်းတံတား
## (Thilawa Multipurpose International Terminal - TMIT)အား
## နှစ်ရှည်လုပ်ငန်းလည်ပတ်စီမံခန့်ခွဲခွင့်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ဘဏ္ဍာရေးနှင့် ဆိပ်ကမ်းဝန်ဆောင်မှုဆိုင်ရာ ရည်မှန်းချက်များကို ပုဂ္ဂလိကကဏ္ဍနှင့် အောင်မြင်စွာပူးပေါင်းအကောင်အထည်ဖော်နိုင်ရန် သီလဝါဆိပ်ကမ်းဧရိယာ၏ အကွက်အမှတ်(၂၅)နှင့် (၂၆)ရှိ TMIT ဆိပ်ကမ်းတံတားအား လုပ်ငန်းအတွေ့အကြုံ/နည်းပညာပြည့်စုံသော ပြည်တွင်း/ပြည်ပမှ ဆိပ်ကမ်းတံတားဝန်ဆောင်မှု ကုမ္ပဏီကြီးများအနက် တင်ဒါစည်းကမ်းများနှင့် အမြင့်ဆုံးကိုက်ညီမှုရှိသည့်ကုမ္ပဏီတစ်ခုအား နှစ်ရှည်လုပ်ငန်းလည်ပတ် စီမံခန့်ခွဲခွင့်ပြုနိုင်ရေးအတွက် အစိုးရတင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ပြီး လုပ်ပိုင်ခွင့်ဆိုင်ရာသဘောတူစာချုပ်ကို နှစ်ဖက်ချုပ်ဆို၍ နှစ်ရှည်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဆိပ်ကမ်းလုပ်ငန်းအတွေ့အကြုံရှိ ကုမ္ပဏီကြီးများအနေဖြင့် တင်ဒါအဆိုပြုလွှာများနှင့် လျှောက်လွှာများကို အောက်ပါအတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ ရောင်းချမည့်ရက် - ၂၀-၁-၂၀၂၅ မှ ၁၈-၂-၂၀၂၅ အထိ(ရုံးချိန်အတွင်း ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီအထိ)

(ခ) တင်ဒါအဆိုပြုလွှာများ ဝယ်ယူရမည့်နေရာ - နိုင်ငံတကာဆက်ဆံရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) တင်ဒါအကြိုရှင်းလင်းမည့်ရက်၊ အချိန်၊ နေရာ - ၁၃-၂-၂၀၂၅(၁၃:၀၀)နာရီ၊ သင်တန်းခန်းမ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ဃ) တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက်၊ အချိန် - ၂၀-၂-၂၀၂၅(၁၃:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန်။

(င) တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်နေရာ - သင်တန်းခန်းမ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၃။ သတ်မှတ်ချက်ရက်/အချိန်ထက် နောက်ကျတင်သွင်းသောတင်ဒါအဆိုပြုလွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်နှင့် email များတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ဖုန်း-၀၁-၈၃၉၁၂၇၂၊ ၀၁-၈၃၉၁၂၇၃၊ ၀၉-၅၁၄၆၆၃၇

(ခ) E-mail: tmil.tender@gmail.com, dgmirhr@mpa.gov.mm

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့်(အေးအကယ်ဒမီ)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးဒေါင်း-ဒေါ်စောမွန်လှ)တို့၏သမီး၊ (ဦးလှသန်းဦး)-ဒေါ်မြင့်မြင့်စီ၊ ဦးမြတ်ထွန်းကျော်-ဒေါ်လှလှခိုင်၊ ဦးမျိုးလှ-ဒေါ်နွယ်နွယ်၊ ဦးမျိုးသန့်-ဒေါ်ခိုင်ခိုင်ဌေး၊ (ဦးမျိုးမြင့်)-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး-ဒေါ်စံပယ်၊ ဗိုလ်မှူးချုပ်မျိုးမင်းထွန်း-ဒေါ်ဝင့်ဝင့်လှိုင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၁၆)ယောက်၊ မြစ်(၁၃)ယောက်တို့၏အဘွား၊ (ဦးသန်းငွေ)၏ဇနီးဖြစ်သူ ဒေါ်အေးမြင့်(အေးအကယ်ဒမီ)သည် ၁၄-၁-၂၀၂၅ ရက်(အင်္ဂါနေ့)ည(၈:၃၀)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၂၅ ရက်(ကြာသပတေးနေ့)မွန်းတည့်(၁၂:၀၀)နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံ၊ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ (သစ်လုံး/ ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်) (၃၀၀)တန်ခန့်၊ သစ်မာသစ်လုံး(ရန်ကုန်/နယ်) (၃၀၈၀)တန်ခန့် (ပျဉ်းကတိုး၊ ကညင်၊ အင်၊ ထောက်ကြံ့၊ အခြားသစ်မျိုးများ)၊ ကျွန်းခွဲသား(၄၁)တန်ခန့်၊ သတ-ဖ ကျွန်း(သစ်လုံး/ခွဲသား) (၃၇) တန်ခန့်၊

(ခ) သစ်အခြေခံစက်မှုလုပ်ငန်းဌာန
ကျွန်းခွဲသား (၂၄၀)တန်ခန့်

(ဂ) ရောင်းချမည့်ရက်နှင့်အချိန် - (၄-၂-၂၀၂၅)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-Ph; 01-287430, 01-528771, 01-528764

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၂၄ ၄ပ-၇၅(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ကျာမူး၏ဖခင်ဦးကျားဘိုနှင့်ဦးကျာဘိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျားဘို(ခ)ဦးကျာဘို**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၂၄ ၄ပ-၁၃၉(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မနန်းဝိုခမ်း၏ဖခင် ဦးစိုင်းဆမ်နှင့်ဦးအိုက်ဆမ် ၁၃/တခလ(နိုင်)၀၃၇၇၉၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုင်းဆမ်(ခ)ဦးအိုက်ဆမ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု) ၂၀၂၄ ၄ပ-၁၃၉(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မနန်းဝိုခမ်းနှင့် မနန်းဝိုးခမ်း ၁၃/တလန(နိုင်)၀၀၇၄၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မနန်းဝိုခမ်း(ခ)မနန်းဝိုးခမ်း**

### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က ကျောင်းစု၊ Grade-7 မှမောင်ချမ်းမြေ့သူ၏ဖခင်အမည်မှန်မှာ ဦးလှမင်းထွန်း ၉/လဝန(နိုင်) ၁၈၂၄၆၆ ဖြစ်ပါကြောင်း။
**ဦးလှမင်းထွန်း**

### ပျောက်ဆုံးကြောင်း
စစ်ကိုင်းမြို့နယ်နေ မဝင်းမော်သန်း(ဘ)ဦးအောင်ကျော်မင်း ၅/စကန(နိုင်)၃၂၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 695142)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း
ဒီပဲယင်းမြို့နယ်နေ မောင်ဇော်မိုးအောင်(ဘ) ဦးဝင်းဌေး ၅/ဒပယ(နိုင်)၀၈၆၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 745869)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၈၄၆၁၉၅

### ပျောက်ဆုံးကြောင်း
မစမ်းစမ်းစု(ဘ)ဦးပန်းညွှန့် ၁၀/ပမန(နိုင်) ၁၅၄၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၄၀၀၇၀၈

### ပျောက်ဆုံးကြောင်း
မောင်စိုးကြည်(ဘ)ဦးသိန်းဝင်း ၁၀/ရမန(နိုင်) ၀၈၀၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၂၂၀၀၀၇

### ပျောက်ဆုံးကြောင်း
ရန်ပိုင်ဖြိုး(ဘ)ဦးကျော်ဝင်း ၁၂/ရကန(နိုင်) ၀၇၄၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 151406)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၇၇၂၂၄၁၆

### ပျောက်ဆုံးကြောင်း
ချိုချိုစန်းဝေ(ဘ)ဦးစန်းဝေ ၁၂/တကန(နိုင်) ၁၆၇၀၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 299794)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၀၄၂၇၉၃၃

### ပျောက်ဆုံးကြောင်း
ပိုင်စိုးလင်း(ဘ)ဦးသိန်းစိုး ၁၂/လကန(နိုင်) ၂၀၇၁၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၃၃၄၁၄၃

### ပျောက်ဆုံးကြောင်း
ငြိမ်းချမ်းအောင်(ဘ)ဦးခင်မောင်သန်း ၅/မရန(နိုင်)၀၀၀၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 692458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၁၅၁၉၃၀

### ပျောက်ဆုံးကြောင်း
သင်းသင်းဦး(ဘ)ဦးစိန်ဝင်း ၉/မလန(နိုင်) ၀၉၇၃၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 713433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၃၂၇၁၇၇

### ပျောက်ဆုံးကြောင်း
အင်ကြင်းဖြူ(ဘ)ဦးတင်ကိုကို ၁၂/မရက(နိုင်) ၂၀၄၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၆၁၉၅၇၃

### ပျောက်ဆုံးကြောင်း
ရှင်းသန့်ကိုကို(ဘ)ဦးတင်ကိုကို ၁၂/မရက (နိုင်)၁၉၈၈၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၆၁၉၅၇၉

### ပျောက်ဆုံးကြောင်း
သိန်းမြင့်(ဘ)ဦးတင်မြင့် ၁၂/တမန(နိုင်) ၀၈၄၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၁၈၃၂၇

### ပျောက်ဆုံးကြောင်း
ဖြူဖြူဝင်း(ဘ)ဦးသိန်းအောင် ၁၄/ပသန(နိုင်) ၁၆၉၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၀၄၉၃၂

### ပျောက်ဆုံးကြောင်း
ကေသီဝင်း(ဘ)ဦးထွန်းရှိန် ၁၀/မလမ(နိုင်) ၁၇၁၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၂၃၈၉၀၀

### ပျောက်ဆုံးကြောင်း
မိမိမော်(ဘ)ဦးအေဂျိုးဇက် ၁၂/သကတ(နိုင်) ၁၁၆၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၀၆၈၀၅

### ပျောက်ဆုံးကြောင်း
ခင်ရတနာထွန်း(ဘ)ဦးချန်ထွန်း ၆/ခမစ(နိုင်) ၀၆၁၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 547413)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၀၇၂၇၄၇

### ပျောက်ဆုံးကြောင်း
လှိုင်မြင့်ဦး(ဘ)ဦးညွန့်လှိုင် ၁၂/မဂတ(နိုင်) ၀၈၂၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၉၉၈၄၈၆

### ပျောက်ဆုံးကြောင်း
ကေသွယ်မိုး(ဘ)ဦးဝင်းစိုး ၁၂/တတန(နိုင်) ၂၃၅၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၈၃၃၅၂၅

### ပျောက်ဆုံးကြောင်း
ပြည့်ပြည့်ဝန်း(ဘ)ဦးထွန်းမင်း ၁၀/သထန (နိုင်)၂၆၈၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၇၀၄၈၁၄

### ပျောက်ဆုံးကြောင်း
မာမာမြင့်(ဘ)ဦးတင်မောင် ၁/ဗမန(နိုင်) ၀၃၈၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၀၇၂၇၄၇

### ပျောက်ဆုံးကြောင်း
ငွေးအောင်(ဘ)ဦးကျော်ညွန့် ၁၂/ကတတ (နိုင်)၀၁၂၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၆၅၅၆၈၃

### ပျောက်ဆုံးကြောင်း
လောင်းလုံမြို့နယ်၊ မဲမော်ကျေးရွာနေ ဦးသက်မျိုးဦး(ဘ)ဦးသီးရွှေ ၆/လလန (နိုင်)၀၉၃၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 461622)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၈၄၉၄၇၅

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့နယ်နေ ခင်နှင်းဝေ(ဘ) ဦးလွင်လွင်ဦး ၇/တငန(နိုင်)၂၄၁၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပြည်ကြီးတံခွန်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်နေ မသဇ္ဇာဦး(ဘ)ဦးခင်မောင်ဦး ၂/လကန(နိုင်) ၀၄၃၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 147709)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၀၈၀၇၃၈၆

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့နယ်နေ သက်မွန်ဝင်း (ဘ)ဦးဝင်းနိုင် ၇/တငန(နိုင်)၂၅၆၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မယ္ဘီးရှန်(ဘ)ဦးလောက်ရှော ၁၃/တယန(နိုင်) ၁၁၇၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မရီရီလင်း(ဘ)ဦးကြားယုံ ၉/မဟမ(နိုင်) ၀၉၀၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 397073)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဒိုက်ဦးမြို့နယ်၊ သုံးခွရွာနေ ဦးအောင်ဖြိုး(ဘ)ဦးခင်မောင်မြင့် ၇/ဒဥန(နိုင်) ၁၈၄၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
တိုက်ကြီးမြို့နယ်၊ ဆင်ခြံရွာနေ မသန္တာဆွေဆွေ(ဘ)ဦးမြစိုး ၁၂/တကန (နိုင်)၁၉၀၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၇၀၆၁၅၉

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့နယ်၊ ရှမ်းစုကြီးအုပ်စု၊ ပေါက်ခိုရွာနေ နော်ဂေဝါး(ဘ)စောထူးဖိုး ၇/အဖန(နိုင်)၂၃၉၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၆၅၁၅၈၈

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့နယ်၊ ဂျောင်းတာကျေးရွာနေ ဖြူဖြူခိုင်(ဘ)ဦးသိန်းထွန်း ၇/ညလပ(နိုင်)၂၃၇၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်နေ ဦးတင်သိန်း(ဘ)ဦးစိုးမြင့် ၇/သနပ (နိုင်)၀၈၁၄၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့၊ မတ်လန်းကျေးရွာနေ နန်းရွှေယဉ်(ဘ) စိုင်းဆုစိန္တာ ၁၃/လခန(နိုင်)၀၃၁၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 378770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဟွေးချင်း(ဘ)ဦးလောက်မြေး ၁၃/လရန(နိုင်)၂၅၀၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 378215)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၇၇၇၇၁၂

### ပျောက်ဆုံးကြောင်း
စိုးဝင်းညို(ဘ)ဦးဟန်စိုး ၈/ပဖန(နိုင်)၁၃၄၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(**အပျို**)ဖြစ်ရမည်။

(ခ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

(ဂ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

(င) မဟာဘွဲ့တက်ရောက်ရန်အဆင့်မီသူဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

(စ) ဘွဲ့လက်မှတ်(**မူရင်း**)နှင့် ဘွဲ့ရအမှတ်စာရင်းတင်ပြနိုင်ရမည်။

(ဆ) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ်အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့်စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့်စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့**ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမ ဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန်အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




Tea Mix
Lemon Tea
Black Tea
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောက်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ရှိ . . .**

❖ **အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင် . . .**

❖ **ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္နေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့၌ကျင်းပသည့် ၂၀၂၅ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၅ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တက်ရောက်ရန်အတွက် ဇန်နဝါရီလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းတွင် လဟယ်မြို့သို့ရောက်ရှိစဉ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသားမျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ➡**

---

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၅ သို့

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ မလိကျွန်းနှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်

စာ - ၁၆ သို့

## ၂၀၂၅ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

စာ - ၁၆ သို့

### ၁၆-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**